ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်၊ စနေနေ့၊ (14-8-2004)(၄၃၂၅)

ကာလေန ဓမ္မဿဝနံ
တေံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ၂၀၀၄ခုနှစ် ဩဂုတ် ၁၂ရက်တွင် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် စတင် တာဝန်ထမ်းဆောင်သူ မစ္စတာ လီရှန်းလွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

သူငယ်တန်းကျောင်းသားအရွယ်မှ သက်ကြီးအရွယ်ထိ ပညာကို အမြဲဖြည့်ဆည်းနိုင်ရန် စီမံပေး ထက်မြက်သော လူ့အရင်းအမြစ်သည် နိုင်ငံတော်၏ တန်ဖိုးမဖြတ်နိုင်သည့် အရင်းအမြစ်ကြီးဖြစ် လူ့အရင်းအမြစ်နှင့် သယံဇာတအရင်းအမြစ်တို့ မှန်ကန်စွာပေါင်းစပ်၍ ခေတ်မီနိုင်ငံတော်ကြီးထူထောင်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ အလှူရှင်များ၊ ဘင်ခရာ၊ ပန်းဖွား၊ အေရိုးဗစ်အကအဖွဲ့မှ ကျောင်းသူများ၊ ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ရှေဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာအဖွဲ့နှင့် တွဲဖက်လျက် "မြန်မာ့ကျောင်း" သီချင်းကို သီဆို၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲပထမပိုင်းကို ကျောင်းရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲတွင် မာလ်တီမီဒီယာစာသင်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ဒေသတွင်း သာယာဝပြောရေးနှင့် ခိုင်မာတောင့်တင်းရေး အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် လက်တွဲဆောင်ရွက်

၁၄-၈-၂၀၀၄ (စနေနေ့)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားနိုင်ရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ပိုမိုရင်းနှီးချစ်ခင်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ်လ ၁၀ ရက်နေ့က ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ခေတ္တ နိုင်ငံတော်အကြီးအကဲ၊ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်အား ဖနောင်ပင်မြို့ရှိ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်အဆောက်အအုံသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့သည် အာဆီယံအဖွဲ့သို့ နောက်ပိုင်းမှသာ အဖွဲ့ဝင်များဖြစ်လာကြသဖြင့် ဖွံ့ဖြိုးမှုအပိုင်း၌ အဖွဲ့ဝင်နိုင်ငံဟောင်းများကို အမီလိုက်နိုင်ရန် ကြိုးစားရဦးမှာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ (CLMV) နိုင်ငံတို့သည် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် အချင်းချင်း နီးနီးကပ်ကပ် ထိထိရောက်ရောက် ညှိနှိုင်းပူးပေါင်း လုပ်ကိုင်ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း** ဆွေးနွေးပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ၊ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်က **မိမိတို့နှစ်နိုင်ငံသည် ကိုလိုနီနိုင်ငံများဘဝမှ ရုန်းကန်ထွက်လာခဲ့ရသော နိုင်ငံများဖြစ်ကြကြောင်း၊ နိုင်ငံအလိုက် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန် အားထုတ်ကြိုးစားရာ၌ နှစ်နိုင်ငံအကျိုးတူကိစ္စများ၊ ဒေသတွင်းနိုင်ငံများနှင့် အကျုံးဝင်သည့် အကျိုးတူကိစ္စများကို လက်တွဲပူးပေါင်းဆောင်ရွက်သွားရင်း မိမိတို့နိုင်ငံများ၏ သာယာဝပြောရေးကို ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်း** ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ ကမ္ဘောဒီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့သည် ဖနောင်ပင်မြို့ ဝန်ကြီးများရုံး ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဝန်ကြီးများရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်က **အာဆီယံအဖွဲ့ ခိုင်မာစွာ ပေါင်းစည်းဖြစ်ပေါ်ရေးနှင့်စပ်လျဉ်း၍ အားထည့်လုပ်ကိုင်ဆောင်ရွက်နိုင်သည်များကို မိမိတို့နှစ်နိုင်ငံ ပူးပေါင်းလုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး၌ အာဆီယံနိုင်ငံများအကြား အဆင့်အတန်းခွဲခြားမှုမရှိ၊ အဖွဲ့ဝင်နိုင်ငံအားလုံး အဆင့်အတန်းတူ ပါဝင်နိုင်ရေးကို မိမိတို့ အခိုင်အမာရပ်တည်ထားကြောင်း** ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **နှစ်နိုင်ငံအကြား ဖြစ်ထွန်းလျက်ရှိသော ဆက်ဆံရေးနှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးများအပေါ် ကျေနပ်အားရကြောင်း၊ ယနေ့ဆွေးနွေးရမှုများသည် ရင်းနှီးမှုရှိပြီး နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို နားလည်မှုရှိစွာ ထောက်ခံအားပေးမှုပြုသည့်အတွက်လည်း မိမိတို့တန်ဖိုးထား ကျေးဇူးတင်ပါကြောင်း၊ ဒေသအတွင်း သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံအဖွဲ့အတွင်း သွေးစည်းညီညွတ်ရေးနှင့် ခိုင်မာတောင့်တင်းရေးအတွက် အခြားအာဆီယံနိုင်ငံများနှင့်အတူ မိမိတို့နှစ်နိုင်ငံ ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း** ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ်လ ၉ ရက်နှင့် ၁၀ ရက်နေ့များက ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုရရှိစေပြီး နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းပွင့်ပွင့်လင်းလင်း ဆွေးနွေးဖလှယ်နိုင်ခဲ့ကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်၏ အာဆီယံအဖွဲ့ဝင်သုံးနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံရင်းနှီးချစ်ခင်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်တည်ဆောက်ရင်း ဒေသတွင်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံအဖွဲ့အတွင်း သွေးစည်းညီညွတ်ရေးနှင့် ခိုင်မာတောင့်တင်းရေးတို့အတွက် လက်တွဲပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလျက်ရှိကြောင်း ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့ သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။**
- ★ **နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။**
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်း ကော်မတီ နာယက ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်း ကော်မတီ ၁/၂၀၀၄ အစည်းအဝေးတွင်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအကြံပြုစဉ်။ (သတင်းစဉ်)

ရန်ကုန်မိုးရေချိန်

(၁၃-၈-၂၀၀၄)

မင်္ဂလာဒုံ	-	၅ ဒသမ ဝ၈ လက်မ
ကမ္ဘာအေး	-	၃ ဒသမ ၁၁ လက်မ
ရန်ကုန်မြို့လယ်	-	၂ ဒသမ ၄၄ လက်မ

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ၁/၂၀၀၄ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ၁/၂၀၀၄ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ နာယက ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့်လုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက လုပ်ငန်းကော်မတီ၏ လက်ရှိဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အခမ်းအနားမှူး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ထားမေက မှတ်တမ်းတင်ခြင်းခုနစ်ရပ်ကို ဖတ်ကြားတင်ပြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ပြန်လည်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးဝင်းက တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီ အစည်းအဝေးကို မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပရေးနှင့် စပ်လျဉ်း၍ စီမံချက်မူကြမ်းကို ဖတ်ကြားရှင်းလင်းတင်ပြသည်။

ယင်းနောက် နာယက ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အစည်းအဝေးတက်ရောက်လာကြသူများက တင်ပြချက်များနှင့်စပ်လျဉ်း၍ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ထို့နောက် ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လိုအပ်သည်များကို ဖြည့်စွက်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ၁/၂၀၀၄ အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စူပါသတင်းဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၃

စိုးမြတ်နန္ဒာရဲ့ရင်ဖွင့်ချက်၊ ချစ်သူနဲ့လမ်းမခွဲချင်ဘူးဆိုတဲ့ခင်ဘုဏ်း၊ Rဇာနည်နဲ့ ကောလာဟလ၊ ချွဲယူနီးရဲ့နှလုံးသားထဲက တစ်ခုတည်းသောအချစ်၊ လူမင်းတို့ကြားမှာ ပြဿနာမရှိပါ၊ နန္ဒာကိုယ်တိုင်ထုတ်မယ့်ရုပ်ရှင်ကား၊ ဒါရိုက်တာသုံးဦးနဲ့လမ်းရှင်းထား၊ အရက်သမားရာဇာရဲ့ဆရာများ၊ စိန်မျက်ပြူး စိန်ကိုတူးတို့အငြိမ့်နဲ့ ကလေးဗိုလ်ကြည်သာ၊ ပုံကြီးချဲ့ချင်သူများအကြောင်း၊ ချာလီရဲ့နတ်မိမယ်ကင်မရွန်ဒီယာဇ် (သို့မဟုတ်)ရွှေမင်းသမီးနှင့်ခါတ်ပုံဆရာစသော ပြည်တွင်း၊ ပြည်ပရုပ်ရှင်ဂီတစူပါတို့၏ ဘဝအလှဒဿနများနှင့်အတူ စတူရီယိုအဆိုတော်ရွှေထိုက်၏ စတိုင်အလှပုံရိပ်ရောင်စုံခါတ်ပုံတို့ဖြင့်"စူပါ"သတင်းဂျာနယ်အမှတ်(၂၆)ကို ဆင်တောင်ကြီးစာပေ အမှတ်(၄၁) (၂၉)လမ်း ရန်ကုန်မြို့က ယနေ့ဖြန့်ချိကြောင်း သိရသည်။ (က-ပ)

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

နာဂျက်ဖ်မြို့တွင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များဝင်ရောက်တိုက်ခိုက် အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုကို ခြိမ်းခြောက်နေ

ဘဂ္ဂဒက် ဩဂုတ် ၁၂

အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုကို ခြိမ်းခြောက်နေသည့် ဆဋ္ဌမမြောက်နေ့ တိုက်ပွဲများဖြစ်ပွားရာတွင် တင့်ကားများ၊ ရဟတ်ယာဉ်များကို အသုံးပြုကာ အမေရိကန်တပ်ဖွဲ့ဝင်များသည် နာဂျက်ဖ်မြို့ အတွင်းပိုင်းဆီသို့ အင်္ဂါနေ့က ဝင်ရောက်လာခဲ့ကြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များက မွန်းလွဲပိုင်းမှစတင်ကာ နာရီအတန်ကြာသည်အထိ တင့်ကားများဖြင့် အပြင်းအထန်တိုက်ခိုက်သည့်အပြင် လေကြောင်းမှလည်း တိုက်ခိုက်ခဲ့ကြောင်း နာဂျက်ဖ်မြို့ခံများက ပြောကြားသည်။

ဩဂုတ် ၈ ရက်က ဘဂ္ဂဒက်မြို့ တိုက်ဂရစ်မြစ်ကမ်းနဖူးတွင် ပေါက်ကွဲမှုဖြစ်ပွားသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရင်ဆိုင်ကြုံတွေ့

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားတို့၏ တိုက်ပွဲများကြောင့် အီရတ်နိုင်ငံသားရာနှင့်ချီ၍ သေဆုံးနေစဉ်မှာပင် အီရတ်နိုင်ငံ အရေးကိစ္စများနှင့် ပတ်သက်၍ ဝန်ကြီးချုပ် အာလာဝီ၏ လုပ်ပိုင်ခွင့်အာဏာမှာ စိန်ခေါ်မှုနှင့် အကြီးအကျယ် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

လျစ်လျူရှု

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသတွင် အာလာဝီ၏ အစိုးရက တနင်္လာနေ့တွင် သတ်မှတ်ခဲ့သည့် ကာဖျူးအမိန့်ကို လျစ်လျူရှုခဲ့ကြသည်။

ထိုအတောအတွင်း ဇွန်လက အယ်လ်ဆာဒါနှင့် အမေရိကန်တို့အကြား ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိအောင် စေ့စပ်ဖျန်ဖြေခဲ့သည့် ဩဇာတိက္ကမကြီးမားသော ရှီးယိုက်နိုင်ငံရေးအုပ်စုသည်လည်း အကွဲအပြဲ ဖြစ်နေကြောင်း အဖွဲ့ဝင်များက ပြောသည်။

ဆန့်ကျင်

နာဂျက်ဖ်မြို့တွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များနှင့် အာလာဝီကပူးပေါင်းဆောင်ရွက်မှုကို ဆန့်ကျင်သည့်အနေဖြင့် ရေနံတင်ပို့မှုကို ဖြတ်တောက်ပြီး ဘဂ္ဂဒက်မြို့သို့သွားသည့် အဝေးပြေးကားလမ်းများကို ပိတ်ပင်ကောင်း ပိတ်ပင်နိုင်သည်ဟု အီရတ်တောင်ပိုင်းမှ ပြည်နယ်ကောင်စီတစ်ခု၏ အကြီးအကဲက ပြောကြားသည်။

အီရတ်ကြားဖြတ်အစိုးရသည်တရားမဝင်ကြောင်းနှင့် ရွေးချယ်တင်မြှောက်ခြင်းမဟုတ်ဘဲ အီရတ် သိမ်းပိုက်ရေးတပ်ဖွဲ့က ရွေးချယ်ထားသည့် အစိုးရသာ ဖြစ်ကြောင်း အလီအယ်မူဘာဝီက ပြောကြားသည်။

ဖြစ်ပွား

မူဘာဝီ၏ ပြည်နယ်တွင် အမ်မာရာမြို့လည်း ပါဝင်သည်။ အဆိုပါမြို့တွင် အယ်ဆာဒါ၏ တိုက်ခိုက်ရေးသမားများနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ မကြာသေးမီက တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

အင်တာနက်။

အီရတ်နိုင်ငံ၌ ကူးစက်ရောဂါများ ပျံ့နှံ့ တစ်လအတွင်းကူးစက်ခံရသူ ၃၅၂၇၄ ဦးရှိ

ဘဂ္ဂဒက် ဩဂုတ် ၁၂

အီရတ်နိုင်ငံတွင် တစ်လအတွင်း ကူးစက်ရောဂါ ပျံ့နှံ့မှုကြောင့် ရောဂါဖြစ်ပွားသူ ၃၅၂၇၄ ဦး ရှိပြီး ၃၀၄ ဦး သေဆုံးကြောင်းဖြင့် အီရတ်ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါများ ထိန်းချုပ်မှုဌာနက ကြေညာထားသည်ဟု အယ်နာဒါးသတင်းစာက တနင်္လာနေ့တွင် ဖော်ပြထားသည်။

ထိန်းချုပ်

ကူးစက်ရောဂါဖြစ်ပွားမှုကို သောက်သုံးရေနှင့် အစားအစာကြောင့် ကူးစက်မှု၊ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်မှုနှင့် အခြားနည်းလမ်းများဖြင့် ကူးစက်မှုဟူ၍ သုံးမျိုးခွဲထားကြောင်း ကူးစက်ရောဂါများ ထိန်းချုပ်ရေးဌာန အရာရှိတစ်ဦးက ပြောဆိုသည်။

အီရတ်အစိုးရဟောင်းကို ဖယ်ရှားပြီးနောက် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားသူ ရှစ်ဦးတွေ့ရကြောင်း၊ သုံးဦးမှာ နိုင်ငံခြားသားများဖြစ်ပြီး ကျန်ငါးဦးမှာ အီရတ်များဖြစ်ကြောင်း အဆိုပါ အရာရှိကပြောဆိုသည်။

ကူးစက်ပျံ့နှံ့

အီရတ်နိုင်ငံ၌ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက ထိုရောဂါမျိုးကို လုံးဝနှိမ်နင်း ပြီးစီးပပျောက်စေခဲ့ကြောင်း၊ သို့သော် အီရတ်နိုင်ငံက စီးပွားရေးပိတ်သည့်အချိန်မှစ၍ ထိုကူးစက်ရောဂါများ ပျံ့နှံ့သည့်လက္ခဏာ ရှိသည်ဆို၏။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်ရှိ ဟိုတယ်များအနီး၌ လမ်းဘေးဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဩဂုတ် ၁၂

အမေရိကန် စစ်ဘက်ယာဉ်တန်းတစ်ခုအား ပစ်မှတ်ထား တိုက်ခိုက်ဖွယ်ရှိသည့် လမ်းဘေးဗုံးတစ်လုံးသည် ဘဂ္ဂဒက်မြို့လယ်ကောင်ရှိ ပြည်ပနိုင်ငံသားများ တည်းနေကျ ဟိုတယ်များအနီးတွင် အင်္ဂါနေ့က ပေါက်ကွဲကြောင်း၊ သို့ရာတွင် လူသေဆုံးမှုမရှိကြောင်း အီရတ် ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲပြီးနောက် ယင်းဒေသမှ မီးခိုးလုံးကြီးများ ကောင်းကင်ယံသို့ ပေါ်ထွက်လာခဲ့ကြောင်း၊ ယင်းဗုံးမှာ ပါလက်စတိုင်းနှင့် ရှာရေတန်ဟိုတယ်များနှင့် မဝေးလှသည့် လမ်းမတစ်ခုပေါ်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဘဂ္ဂဒက်တွင် ပြောက်ကျားများ၏ တိုက်ခိုက်ရာ ပစ်မှတ်တစ်ခုအဖြစ် ရောက်ရှိနေသည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်းတပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရန် ဆောင်ရွက်နေ

ဗန်ကောက် ဩဂုတ် ၁၂

ထိုင်းနိုင်ငံသည် ဆေးဘက်ဆိုင်ရာနှင့် အင်ဂျင်နီယာ တပ်ဖွဲ့ဝင် ၄၅၀ ကို အီရတ်သို့ စေလွှတ်ထားသည်။ ယခုအခါထိုတပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းပြီး ကူဝိတ်နိုင်ငံသို့ ရွှေ့ပြောင်းရန် ဆောင်ရွက်နေကြပြီဖြစ်သည်။ ထိုတပ်ဖွဲ့ဝင်များသည် လာမည့်စက်တင်ဘာ ၂၀ရက်တွင် ဗန်ကောက်မြို့သို့ ပြန်လည်ရောက်ရှိမည် ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာများက ယမန်နေ့က ပြောကြားသည်။

ပြန်လည်ခေါ်ယူ

အဆိုပါ တပ်ဖွဲ့ဝင်များမှာ တစ်နှစ်တာတာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ခေါ်ယူခြင်း ဖြစ်သည်။ ၎င်းတို့အီရတ်၌ရှိနေစဉ် ဒီဇင်ဘာလအတွင်းက ကာဘာလာမြို့၌ ထရပ်ကားဗုံးကွဲသဖြင့် ထိုင်းတပ်ဖွဲ့ဝင်နှစ်ဦး အသက်ဆုံးရှုံးခဲ့သည်။

ပျက်ကွက်

အဆိုပါ အဖြစ်အပျက်ကြောင့် ထိုင်းအစိုးရအပေါ် ဝေဖန်မှုများထွက်ခဲ့သည်။ အီရတ်သို့လူသားချင်းစာနာသော အကူအညီပေးရေးအတွက် တပ်ဖွဲ့ဝင်များ စေလွှတ်ရာတွင် မည်သို့သော အန္တရာယ်များရှိလာနိုင်သည်ကို ပြည်သူသို့ တင်ပြရန် ပျက်ကွက်ခဲ့သည်ဆိုသော ဝေဖန်မှုများပေါ်ထွက်လာခြင်းဖြစ်သည်။

စောင့်ဆိုင်းနေ

လောလောဆယ်တွင် အချို့သောထိုင်းအင်ဂျင်နီယာ တပ်ဖွဲ့ဝင်များသည် ကူဝိတ်ရှိ ဗာဂျီးနီးယား တပ်စခန်း၌ ရောက်နေကြပြီဖြစ်သည်။ ၎င်းတို့သည် အီရတ်နိုင်ငံမှ ကူဝိတ်နိုင်ငံသို့ ဩဂုတ် ၆ရက်နှင့် ၃၁ ရက်များတွင် ထပ်မံရောက်ရှိလာမည့် အခြားတပ်ဖွဲ့ဝင်များကို စောင့်ဆိုင်းနေကြကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ပိစနုဦရာလက်က သတင်းထောက်များကို ပြောကြားသည်။ ၎င်းသည် ထိုင်းလက်နက်ကိုင်တပ်ဖွဲ့၏ စစ်ဦးစီးဌာနမှဖြစ်သည်။

ရောက်ရှိမည်

ထိုင်းတပ်ဖွဲ့ဝင်အများစုသည် အမေရိကန် စစ်လေယာဉ်ဖြင့်ဖြစ်စေ၊ စင်းလုံးငှား ကုန်သွယ်လေကြောင်းလေယာဉ်ဖြင့်ဖြစ်စေ စက်တင်ဘာ ၁၄ရက်မှ ၁၉ ရက်တို့တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း အဆိုပါ ဗိုလ်ချုပ်ကြီးက ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်နေသည့် ရှီးယိုက် တိုက်ခိုက်ရေးသမားများကို ဩဂုတ် ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် ရဟတ်ယာဉ် ပစ်ခတ်ခံရ၍ ပျက်ကျ

ဘဂ္ဂဒက် ဩဂုတ် ၁၂

အီရတ်နိုင်ငံတွင် အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်းမှာ တနင်္ဂနွေနေ့ စောစောပိုင်းက ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်သဖြင့် ထိမှန်ခံရကာ ဘဂ္ဂဒက်မြို့ ရှီးယိုက်တို့နေထိုင်ရာ ဆင်ခြေဖုံးဒေသတွင် ပျက်ကျခဲ့ကြောင်း၊ သို့ရာတွင်ရဟတ်ယာဉ်မှူးနှစ်ဦးမှာဘေးမသီရန်မခဘဲလွတ်မြောက်ခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အိုအိပ်ချ်-၅၈ဒီကီအိုင်ဝါရီယာ အမျိုးအစား ရဟတ်ယာဉ်သည် ယင်းအမျိုးအစား ရဟတ်ယာဉ် တစ်စင်းနှင့်အတူ ကင်းထောက်ပျံသန်းစဉ် နံနက် ၉ နာရီခန့်တွင် ပစ်ခတ်ခံရပြီး ဘဂ္ဂဒက်မြို့တော် ဆာဒါစီးတီး ဆင်ခြေဖုံးဒေသတွင် ပျက်ကျခဲ့သည်။

လက်နက်ကိုင်အီရတ်များသည် ရဟတ်ယာဉ်ပျက်ကျပြီးနောက် မကြာခင် ယင်းဒေသသို့ ဝိုင်းအုံရောက်ရှိလာကြောင်း၊ သို့ရာတွင် ရဟတ်ယာဉ်ကို ကယ်ဆယ်ရန် ဘရက်လေတိုက်ခိုက်ရေးယာဉ်များ ရောက်ရှိလာသည့်အတွက် ရဟတ်ယာဉ်နား မကပ်နိုင်ဘဲ ဖြစ်ခဲ့ရသည်။

အင်တာနက်။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှု ၁၀၀၀ ကျော်သွားဖွယ်ရှိ

ဝါရှင်တန် ဩဂုတ် ၁၂

အီရတ်နိုင်ငံတွင် အမေရိကန်စစ်ဘက်ဝန်ထမ်းများ သေဆုံးမှုသည် ၁၀၀၀ ကျော်နိုင်ဖွယ်ရှိနေရာ အမေရိကန်အစိုးရအနေဖြင့် လာမည့်လသည် စိတ်ဒုက္ခရောက်ရသည့် အချိန်ဖြစ်၍ ကြုံတွေ့ဖွယ်ရှိသည်။ အီရတ်နိုင်ငံပြဿနာသည် အဓိကပြဿနာတစ်ရပ်အဖြစ် သမ္မတရွေးကောက်ပွဲ စည်းရုံးလှုပ်ရှားမှုတွင် ပါဝင်လျက်ရှိနေရာ ဖော်ပြပါအချိန်သည် အရေးပါသည့် အချိန်အခါသမယဖြစ်နေသည်။

ယင်းအချိန် အခါသမယသည် ကံမကောင်း အကြောင်းမလှစွာဖြင့် လာမည့်လတွင် ရောက်ရှိလာနိုင်ဖွယ်ပြီး မိမိတို့ အီရတ်နိုင်ငံတွင် လုပ်ကိုင်နေသည်နှင့် ပတ်သက်၍ ပြည်သူလူထု၏ အတွေးအမြင်များ ပြောင်းလဲနိုင်ဖွယ်ရှိသည့် အရေးပါသော ဖြစ်ရပ်ဖြစ်လာနိုင်မည်ဟု နယူးယောက်မြို့ ဘာရ့်ကောလိပ်မှ နိုင်ငံရေး သိပ္ပံပညာရှင် ဒေးဗစ်ဘာဒ်ဆဲလ်က ပြောကြားသည်။

ဖော်ပြပါ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုသည် ဆွဲဆောင်မှုရှိသည့် အရေးအတွက်နှင့် များပြားသည့် အရေအတွက်ဖြစ်နေပြီး ဝမ်းနည်းစရာကောင်းသည့် အရေအတွက်ဖြစ်နေကြောင်း၊ ယင်းဖြစ်ရပ်က အီရတ်စစ်ပွဲဆင်နွှဲရခြင်းအပေါ် သမ္မတဘုရှ်၏ အကြောင်းပြချက်များနှင့် အီရတ်နိုင်ငံတွင် စစ်ဘက်မစ်ရှင်အဖွဲ့က အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ကြောင်းယမန်နှစ်က ကြေညာခဲ့သည့်အတိုင်း တစ်ဖန်ပြန်လည်လေပြေထိုးနိုင်သော အခရာကျသည့် ပြဿနာတစ်ရပ်ဖြစ်နေကြောင်း ဒေးဗစ်ဘာဒ်ဆဲလ်က ဆက်လက်ပြောကြားသည်။

ပုံမှန်အားဖြင့် စစ်မြေပြင်မှ သေဆုံးသူ စာရင်းများနှင့် ရက်အနည်းငယ်အထိ နောက်ကျ ကျန်ရစ်နေသည့် အမေရိကန်စစ်ဌာနချုပ်၏ နောက်ဆုံးပြုစုထားသည့် စာရင်းများအရ အီရတ်စစ်ပွဲ ၂၀၀၃ ခုနှစ် မတ်လအတွင်း စတင်ပွားခဲ့ပြီးသည့်နောက် အမေရိကန် စစ်ဘက်ဝန်ထမ်း ၉၃၁ ဦး အီရတ်နိုင်ငံတွင် သေဆုံးခဲ့ပြီဖြစ်သည်။

သေဆုံး

အီရတ်ကြားဖြတ်အစိုးရအချုပ်အခြာအာဏာရယူခဲ့ပြီးနောက် ပထမလဖြစ်သည့် ဇူလိုင်လအတွင်း အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူဦးရေ ၅၅ ဦးအထိရှိပြီး လွန်ခဲ့သည့်လများအတွင်းက ၄၂ ဦးသာရှိခဲ့သည်။ ယင်းလက သေဆုံးမှုနှုန်းထားသည် အနည်းငယ်မြင့်မားဖွယ်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပစ်ခတ်

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ကို ရောက်ကက်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်နေသည့် အမေရိကန် ရဟတ်ယာဉ်များကို ဩဂုတ် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်သတင်းထောက်များ အီရတ်၌ ပြန်ပေးဆွဲခံရ

အီရန် လုပ်ငန်းရှင်လေးဦးကို ကန်တပ်ဖွဲ့ဝင်များ ဖမ်းဆီး

တီဟီရန် ဩဂုတ် ၁၂

အီရန်နိုင်ငံ အိုင်အာရ်အင်အေသတင်းဌာနမှ သတင်းထောက်များ အီရတ်နိုင်ငံ၌ ပြန်ပေးဆွဲခံရကြောင်းဖြင့် အီရန်အစိုးရ ရုပ်မြင်သံကြားဌာနက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

ထိုကိစ္စနှင့်ပတ်သက်၍ အိုင်အာရ်အင်အေသတင်းဌာနက ချက်ချင်းဝေဖန်ပြောဆိုခြင်းမပြုသေးဟု သိရသည်။

ပြန်ပေးဆွဲခံရ

အီရန် သံတမန်တစ်ဦးဖြစ်သူ ဖာရီနွှန်ဂျာဟာနီမှာ ရှီးယိုက် မြို့တော်ကာဘာလာ၌ ကောင်စစ်ဝန်အဖြစ် တာဝန်ထမ်းဆောင်ရန်အသွား လမ်းခရီးတွင် ဗုဒ္ဓဟူးနေ့ နှောင်းပိုင်းက ပြန်ပေးဆွဲခံခဲ့ရသည်။

ဖမ်းဆီး

အီရန်နှင့်အီရတ်နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် သွားရောက်သည့် အီရန် လုပ်ငန်းရှင်လေးဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်သည်ဟုလည်း အီရန် အစိုးရ ရုပ်မြင်သံကြားဌာနက ထုတ်ဖော်ကြေညာသည်။

အီရတ်နှင့် အီရန်နှစ်နိုင်ငံတို့သည် ၁၉၈၀မှ ၁၉၈၈ ခုနှစ်များအတွင်း စစ်ပွဲဖြစ်ပွားခဲ့ကြသည်။ ယခုအခါ ထိုအကြိတ်အခဲကို ပြေပျောက်သွားအောင် ပြန်လည်ကြိုးပမ်းခဲ့ကြသည်။ သံတမန် ပြန်လည်ဆက်သွယ်ခြင်းနှင့် ရောင်းရေးဝယ်ရေး ကုန်သွယ်ရေး ဆက်ဆံမှုများပါ တိုးမြှင့်ဆောင်ရွက်လာကြကြောင်း တွေ့ကြရသည်။

ဆန့်ကျင်

အီရန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကောင်စီအကြီးအကဲ ဟာဆန်ရိုဟာနီကလည်း အမေရိကန်တို့၏ လုပ်ရပ်ကို ဆန့်ကျင်ကြောင်း ပြောကြားခဲ့သည်။

တိုက်ခိုက်

အမေရိကန်တို့သည် အီရတ်နိုင်ငံ၏ ယဉ်ကျေးမှုအခြေအနေကို နားလည်သဘောပေါက်ခြင်း မရှိကြသည့်အတွက် နာဂျက်ဖ်မြို့ကို တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ကြောင်း ဟာဆန်ရိုဟာနီက ဆိုခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

တိုက်ဂရစ်မြစ်အတွင်းမှ ရုပ်အလောင်း

ဓားစာခံ ဘူလ်ဂေးရီးယားယာဉ်မောင်းဖြစ်ကြောင်း သိရ

ဆိုဖီယာ (ဘူလ်ဂေးရီးယား) ဩဂုတ် ၁၂

အီရတ်နိုင်ငံ တိုက်ဂရစ်မြစ်အတွင်း၌ အလောင်းတစ်လောင်းကို တွေ့ရှိခဲ့ကြသည်။ ထိုအလောင်းမှာ ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံထားရသော ဘူလ်ဂေးရီးယားယာဉ်မောင်း၏ အလောင်းဖြစ်ကြောင်း သက်ဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

ထိုထရပ်ကား ယာဉ်မောင်းကို အလ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသော အဖွဲ့တစ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်၏။ ထိုရုပ်လောင်းနှင့် ပတ်သက်သည့် မျိုးဗီဇဆိုင်ရာ (ဒီအင်အေ) စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းရုပ်လောင်းမှာ အိုင်ဗေလိုကီပေါ့ဗ်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်ဟု ဘူလ်ဂေးရီးယား နိုင်ငံခြားရေးရုံးမှ လာသောသတင်းအရ သိရသည်။

ဖမ်းဆီး

အသက် ၃၂ နှစ်အရွယ်ရှိ ယာဉ်မောင်း ကီပေါ့ဗ်နှင့် အသက် ၃၀ နှစ်ရှိ ဂျော်ဂျီလာဇော့ဗ်တို့ကို ပြန်ပေးသမားများက ဇွန် ၂၉ ရက်တွင် ဖမ်းဆီးသွားခြင်းဖြစ်သည်။

ဖမ်းဆီးခဲ့သောနေရာမှာ အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့အနီးတွင်ဖြစ်၏။

ပြန်ပေးအဖွဲ့မှာ ဂျော်ဒန်နိုင်ငံဖွား အဘူမူဆာအယ်လ်ဇာကာဝီနှင့်အဆက်အသွယ်ရှိသော အဖွဲ့ဖြစ်သည်ဟု ဆိုသည်။ အဖမ်းခံရစဉ်က ယာဉ်မောင်းနှစ်ဦးသည် ကားများတင်ဆောင်ထားသော ထရပ်ကားများကို မောင်းနှင်လာကြကြောင်းသိရသည်။ ယာဉ်မောင်းလာဇော့ဗ်၏အလောင်းကို ဇူလိုင် ၁၄ ရက်တွင် တိုက်ဂရစ်မြစ် အတွင်း၌ပင် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ပြန်ပေးသမားများက ဓားစာခံ နှစ်ဦးကိုလွှတ်ပေးစေလိုလျှင် အမေရိကန်တို့ ဖမ်းဆီးထားသော အီရတ်အကျဉ်းသားများကိုလွှတ်ပေးရမည်ဖြစ်ကြောင်း တောင်းဆိုခဲ့သည်။

ပြသ

ဘူလ်ဂေးရီးယား ပြန်ပေးသမားများနှင့် လူသိရှင်ကြားဆွေးနွေးရန် ငြင်းဆန်ခဲ့သည့် ပြန်ပေးသမားများ၏ အရှေ့တွင် အဖမ်းခံယာဉ်မောင်းနှစ်ဦးဒူးထောက်နေရသော ရုပ်သံသတင်းပြသသွားခဲ့သည်။

ထွက်ပေါ်

ထိုထုတ်လွှင့်ချက် ထွက်ပေါ်လာပြီးနောက်ပိုင်းတွင် ဘူလ်ဂေးရီးယားပြည်သူရှစ်သန်းတို့ မကျေနပ်သံများ ထွက်ပေါ်လာသည်။ ပြည်သူများက ဘူလ်ဂေးရီးယားအစိုးရကို အီရတ်စစ်ပွဲတွင် အမေရိကန်တို့နှင့်အတူ ပူးပေါင်းပါဝင်ခဲ့သည့်အတွက် အပြစ်တင်ဝေဖန်ကြခြင်းဖြစ်သည်။ ပြန်ပေးသမားများက ဓားစာခံများကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသော်လည်း ဘူလ်ဂေးရီယားအစိုးရက အီရတ်ရောက် မိမိ၏တပ်များကို ပြန်လည်ခေါ်ယူမည်မဟုတ်ကြောင်း အကြိမ်ကြိမ်တားမြစ်ခဲ့သည်။

အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဘူလ်ဂေးရီယားတပ်ဖွဲ့ဝင် ၄၈၀ ဦး တို့ တာဝန်ထမ်းလျက်ရှိကြသည်။

ဆုံးရှုံး

ယနေ့အချိန်အထိ အီရတ်စစ်မြေတွင် ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ခြောက်ဦး အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ တပ်ဖွဲ့ဝင်ငါးဦးမှာ ဒီဇင်ဘာလအတွင်းက ဖြစ်ပွားသော အသေခံတိုက်ခိုက်မှုအတွင်း သေဆုံးရခြင်းဖြစ်ပြီး အခြားတစ်ဦးမှာ ဧပြီလအတွင်းက ဖြစ်ပွားသော ချုံခိုတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရခြင်းဖြစ်သည်။

အင်တာနက်။



လုံခြုံရေးစောင့်ကြပ်

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် ရှီးယိုက် တိုက်ခိုက်ရေးသမားများကို ဩဂုတ် ၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင် ၆၄ ဦးရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၁၃

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ကင်းလှည့်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဗုံးဖြင့်တိုက်ခိုက်ခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။ ၎င်းသည် အီရတ်နိုင်ငံ၌ ယခုသီတင်းပတ်အတွင်း ဒုတိယမြောက် သေဆုံးခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဖြစ်သည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များ ဖြတ်သန်းလာစဉ် ယင်းကဲ့သို့ တိုက်ခိုက်ခံရခြင်းဖြစ်ပြီး အခြားဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးမှာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ ဒဏ်ရာရရှိခဲ့သည့် အသက် ၂၆နှစ်အရွယ် တပ်ကြပ်ကြီး ကီဗင်စကာသည် ယခုအခါတွင် ကူဝိတ်ရှိ စစ်ဆေးရုံ၌ ကုသမှုခံယူလျက်ရှိသည်။

ဘာဆရာမြို့ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များကို ကာကွယ်စောင့်ရှောက်၍ ပုံမှန်ကင်းလှည့်စဉ် ဒေသစံတော်ချိန် မွန်းတည့်ခန့်တွင် ယင်းကဲ့သို့ တိုက်ခိုက်ခံရခြင်းဖြစ်သည်။

တနင်္လာနေ့ကလည်း အသက် ၂၀အရွယ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးမှာ ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင် ခုခံတွန်းလှန်ရေးသမားများအကြား ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ရင်ဘတ်တွင် ထိမှန်ကာ သေဆုံးခဲ့ရသည်။

ထို့ကြောင့် အီရတ်နိုင်ငံတွင် သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေမှာ ၆၄ဦးရှိသွားပြီဖြစ်သည်။ ***အင်တာနက်။***

နာဂျက်ဖ်မြို့မှ အမေရိကန်တပ်ဖွဲ့ဝင်များ ဆုတ်ခွာရန် အီရတ်ကြားဖြတ်အစိုးရ ဒုတိယသမ္မတ တောင်းဆို

နာဂျက်ဖ် ဩဂုတ် ၁၂

နာဂျက်ဖ်မြို့၌ ရက်သတ္တပတ်ကြာ ပြင်းထန်စွာ တိုက်ပွဲဖြစ်မှု အဆုံးသတ်ရေးအတွက် ထိုမြို့မှ အမေရိကန် တပ်ဖွဲ့ဝင်များ ဆုတ်ခွာပေးရန် အီရတ်ကြားဖြတ်အစိုးရ ဒုတိယသမ္မတ အီဘရာဟင် ဂျာဖရီက တိုက်တွန်းလိုက်သည့်အတွက် နာဂျက်ဖ် အကျပ်အတည်း မည်သို့ ဖြေရှင်းမည်ဆိုသော ကိစ္စတွင် အီရတ်ကြားဖြတ် အစိုးရအဖွဲ့အတွင်း သဘောထားကွဲလွဲသည့် လက္ခဏာဖြစ်သည်။

ဘဂ္ဂဒက်မြို့တော် မြောက်ဘက်ဈေးအတွင်း ဗုဒ္ဓဟူးနေ့က ဗုံးပေါက်ကွဲသဖြင့် အနည်းဆုံး အီရတ်ခြောက်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိသွားကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောဆိုသည်။ ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ၂၅ မိုင်ခန့်အကွာ ကန်ဘာနီဇက်ရွာတွင် ဗုံးဖောက်ခွဲမှု ဖြစ်ပွားကြောင်း သိရသော်လည်း အသေးစိတ် ပြောဆိုခြင်း မရှိဟု ဆိုသည်။

စိန်ခေါ်မှု

နာဂျက်ဖ်မြို့၌ ရာနှင့်ချီ၍ သေကျေဒဏ်ရာ ရရှိစေသည့် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက် ခေါင်းဆောင်အယ်ဆာဒါအား သစ္စာခံသည့် ခုခံရေးသမားများအကြား ဖြစ်ပွားသည့် တိုက်ပွဲမှာ ဝန်ကြီးချုပ် အာလာဝီ၏ ရက်သတ္တခြောက်ပတ် သက်တမ်းရှိ အီရတ်ကြားဖြတ် အစိုးရအဖို့ ကြီးမားခက်ခဲသော စိန်ခေါ်မှုဖြစ်သည်။

နာဂျက်ဖ်မြို့မှ နိုင်ငံစုံ တပ်ဖွဲ့ဝင်များ ဆုတ်ခွာပေးကြရန်နှင့် မြို့တွင်း၌ အီရတ် တပ်ဖွဲ့ဝင်များသာ နေရစ်ခဲ့ရန် မိမိတိုက်တွန်းကြောင်းဖြင့် အီရတ်ကြားဖြတ်အစိုးရ ဒုတိယသမ္မတ အီဘရာဟင်ဂျာဖရီ၏ ပြောကြားချက်ကို အယ်ဂျာဇီရာ ရုပ်မြင်သံကြားက ဗုဒ္ဓဟူးနေ့တွင် ထုတ်လွှင့်လိုက်သည်။

စီမံခန့်ခွဲနိုင်

နာဂျက်ဖ်မြို့တွင်း အကြမ်းဖက်တိုက်ခိုက်မှု အဆုံးသတ်ရေးအတွက် အီရတ်တပ်ဖွဲ့ဝင်များက စီမံခန့်ခွဲနိုင်ကြောင်းဖြင့်လည်း ၎င်းက ပြောကြားလိုက်သည်။

အင်တာနက်။

ကျူးကျော်တပ်ဖွဲ့များအား ဆက်လက်တိုက်ခိုက်ရန် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ တိုက်တွန်း

နာဂျက်ဖ်(အီရတ်) ဩဂုတ် ၁၂

ရှီးယိုက် ခေါင်းဆောင် အယ်လ်ဆာဒါက စစ်ပွဲအတွင်းသူ့ရဲကောင်းတစ်ဦးအဖြစ် အသက်စွန့်လွှတ်ခဲ့ရသည့်တိုင် မိမိအား ထောက်ခံသူများအနေဖြင့် အီရတ်နိုင်ငံရှိ ကျူးကျော်တပ်ဖွဲ့ဝင်များအား ဆက်လက်တိုက်ပွဲဝင်ကြရန် တိုက်တွန်းလိုက်သည်။

မိမိသေဆုံးသည့်တိုင် မီဒီလက်နက်ကိုင်တပ်များအနေဖြင့် အီရတ်နိုင်ငံသိမ်းပိုက်ရေး တပ်ဖွဲ့ဝင်များအား ဆက်လက်တွန်းလှန် တိုက်ခိုက်ကြရန် မိမိ တိုက်တွန်းပါကြောင်းဖြင့် အယ်လ်ဆာဒါ၏ ပြောကြားချက်ကို ဖော်ပြထားသည့် ကြေညာချက်အား နာဂျက်ဖ်မြို့တွင် ဖြန့်ဝေခဲ့သည်။ နာဂျက်ဖ်တွင် အယ်လ်ဆာဒါ ပုန်းအောင်းနေသည်ဟု ယူဆရပြီး ယင်းမြို့တွင် ခုနစ်ရက်ဆက်တိုက် မီဒီလက်နက်ကိုင်များနှင့် အမေရိကန် ထောက်ခံအားပေးသည့် အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုများ ဖြစ်ပွားနေသည်။

ဘာဆာရာ၊ အမ်မာရာနှင့် နာဆရီယာမြို့များမှ မီဒီလက်နက်ကိုင်တပ်ဖွဲ့ဝင်များအား ကျေးဇူးဥပကာရတင်ရှိကြောင်း ဆာဒါကပြောကြားသည်။ ကြာသပတေးနေ့ နောက်ပိုင်းတွင် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အမ်မာရာမြို့တွင် လူ ၂၂ ဦးသေဆုံးခဲ့ပြီး လူ ၁၀၉ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကာ ဘာဆာရာမြို့တွင် လူကိုးဦးသေ၊ ၂၄ဦးထိခိုက်ဒဏ်ရာရရှိ၊ နာဆယာရီမြို့တွင် လူ ၁၄ဦးသေဆုံးပြီး လူ ၃၁ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆေးတပ်ဖွဲ့နှင့် ကျန်းမာရေးဌာနက ပြောကြားသည်။ ရှီးယိုက် များနေထိုင်သည့် ဘဂ္ဂဒက်တောင်ဖျားပိုင်းဒေသနှင့် အီရတ်အလယ်ပိုင်းဒေသမှ ဆာဒါထောက်ခံသူများအား ခွဲထွက်ရန် အချို့သောထောက်ခံသူများ၏ တိုက်တွန်းမှုများကို ယင်းကြေညာချက်က သတိပေးထားသည်။

မိမိ၏ လက်နက်ကိုင်တပ်များ အနေဖြင့် ပြည်နယ်အချင်းချင်း ခွဲခြားမှုမရှိရန် အကြံပြုလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ရန်သူများ မဟုတ်ကြသောကြောင့် ဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

နာဂျက်ဖ်မြို့တွင် ကန်တို့စစ်ဆင်နေသည်ကို အီရန်ခေါင်းဆောင် ပြစ်တင်ရှုတ်ချ

တီဟီရန် ဩဂုတ် ၁၂

အမေရိကန်တပ်ဖွဲ့များသည် ယခုအခါ အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် စစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ ထိုလုပ်ရပ်မှာ လူသားများအပေါ် ကျူးလွန်သော ပြစ်မှုများအနက် အမှောင်မိုက်ဆုံးသော ပြစ်မှုကျူးလွန်ခြင်းပင် ဖြစ်သည်ဟု အီရန်နိုင်ငံအကြီးအကဲ အယာတိုလာအလီခါမေနီက ယမန်နေ့က ပြောကြားသည်။

ပြောကြား

နာဂျက်ဖ်မြို့တွင် စစ်ဆင်ရေးများ ပြုလုပ်ခြင်းသည် လူသတ်ပွဲကြီး ဆင်နွှဲခြင်းပင် ဖြစ်သည်။ အီရတ်တို့သည်းခံနေကြမည် မဟုတ်၊ အမေရိကန်တို့ ပြုမိများသော ထိုအမည်းစွန်းကြီးသည် မည်သည့်အခါမျှ ဖျောက်ဖျက်၍ ရတော့မည် မဟုတ်။ ၎င်းတို့သည် ပြစ်မှုကြီးကို ကျူးလွန်နေပါလျက် အရှက်မဲ့စွာ ဒီမိုကရေစီစကားကို ပြောဆိုနေကြသေးသည်။ ယင်းတို့၏ ဘာသာစကားတွင် အရှက်တရားဟူသော ဝေါဟာရအတွက် နေရာရှိဟန်မတူဟု အယာတိုလာ အလီခါမေနီက ပြောကြားသွားသည်။

ပြီးခဲ့သော ကြာသပတေးနေ့မှစ၍ အမေရိကန်တို့သည် နာဂျက်ဖ်မြို့တွင်းရှိ ခုခံတိုက်ခိုက်ရေးသမားများကို စစ်ဆင်လျက်ရှိသည်။ ထိုအီရတ် ခုခံရေးသမားများမှာ ရှီးယိုက် ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါ၏ သစ္စာခံတပ်ဖွဲ့မှ လက်နက်ကိုင်များ ဖြစ်သည်။

အမေရိကန်များသည် နာဂျက်ဖ်မှ ခုခံနေသူများကို တိုက်ခိုက်ရေးရဟတ်ယာဉ်များသုံးပြီး ချေမှုန်းလျက်ရှိရာ လက်နက်ကိုင် ၃၆၀ တို့ကို ကျဆုံးစေခဲ့သည်ဟုဆိုသည်။ လေးလတာအချိန်တွင် ဒုတိယအကြိမ် ပေါ်ပေါက်လာသော ဆန့်ကျင်ခုခံမှုများအတွင်း မိမိတို့ဘက်မှအသေအပျောက်သည် အမေရိကန်တို့ ပြောသည်ထက်များစွာ လျော့နည်းသည်ဟု ဆာဒါ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဆန့်ကျင်တိုက်ခိုက်

အီရန်သည် ၎င်းတို့၏ နိုင်ငံကို ကမ္ဘာ့ ရှီးယိုက်များ၏ ဗဟိုအချက်အချာဒေသအဖြစ် ရှုမြင်ထားသည်ဟု လေ့လာဆန်းစစ်သူများက ဆိုကြသည်။ အီရတ်နိုင်ငံ၌ ခေါင်းဆောင်ဆက်ဒမ်၏ အုပ်ချုပ်မှု အဆုံးသတ်သွားပြီး နောက်ပိုင်းတွင် နိုင်ငံအပေါ်ဩဇာ သက်ရောက်မှု သည်လည်း ဘဂ္ဂဒက်မှ နာဂျက်ဖ်မြို့ဆီသို့ ရွှေ့ပြောင်းသွားပြီး လူပုဂ္ဂိုလ်အရ ဩဇာရှိမှုတွင်လည်း ရှီးယိုက်ခေါင်းဆောင် အရာတိုလာ အလီအယ် စစ္စတာနီဘက်သို့ လှည့်ပြောင်းသွားကြောင်း သုံးသပ်ကြသည်။ ၎င်းသည် ရှီးယိုက်များ၏ ဆန့်ကျင်တိုက်ခိုက်မှုကို ထိန်းသိမ်းကြိုးပမ်းနေသူဖြစ်၏။

အီရတ်ကြားဖြတ် အစိုးရအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သော ကာကွယ်ရေးဝန်ကြီး ဟာဇမ်အယ်ရှလန်က အီရတ်အပေါ် စွပ်စွဲမှုများ ပြုလုပ်ထားသည်။ အီရတ်၏ လူများစု ရှီးယိုက်များအကြား ဆူပူမှုများဖြစ်အောင် အီရန်က မြောက်ပင့်ပေးနေကြောင်း၊ သူလျှိုများလွှတ်၍ သွေးထိုးပေးနေကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ကို ဖြတ်၍ လည်း လက်နက်များ ပို့ပေးနေကြောင်းကိုပါ စွပ်စွဲထားသည်ဟု ဆိုသည်။

အင်တာနက်။

အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆာရာမြို့၌ မီးလောင်ကျွမ်းနေသည့် ဗြိတိသျှ စစ်ဘက်သုံးယာဉ် တစ်စီးကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသည့် ရှီးယိုက် တိုက်ခိုက်ရေးသမား တစ်ဦးကို ဩဂုတ် ၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့အား ကန် တပ်ဖွဲ့ တိုက်ခိုက်

ဘဂ္ဂဒက်(အီရတ်) ဩဂုတ် ၁၂

အမေရိကန် ဂျက်တိုက်လေယာဉ်များက ဖော်လူဂျာမြို့အား ဗုဒ္ဓဟူးနေ့က ဗုံးကြဲတိုက်ခိုက်ရာ လူလေးဦး သေဆုံးသွားပြီး အခြားလူလေးဦး ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်းဖြင့် ဆေးရုံမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။ ယင်းဗုံးကြဲတိုက်ခိုက်မှုကြောင့် အိမ်ခြေ အများအပြားပျက်စီးခဲ့ရပြီး အိမ်တစ်လုံး လုံးဝ မီးလောင်ကျွမ်းခဲ့ကြောင်း၊ အရေးပေါ် ကူညီရေးလုပ်သား အာမက်မာဟာကပြောကြားသည်။ ဗုံးကြဲ တိုက်ခိုက်မှုကို ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်လူဂျာဆေးရုံမှ သာယာအာမက်က ပြောကြားသည်။

ဆက်လက်တိုက်ခိုက်

အမေရိကန်စစ်ဘက်က ယင်းသတင်းနှင့် စပ်လျဉ်း၍ ရတ်တရက် ဝေဖန် ပြောကြားမှု မရှိသေးပေ။ သို့ရာတွင် အမေရိကန် တပ်ဖွဲ့ဝင်များက ဆွန်နီများ၏ ခြေကုပ်စခန်းဖြစ်သည့် ဖော်လူဂျာမြို့တွင် ပုန်းအောင်းနေသော တိုက်ခိုက်ရေးသမားများအား ဆက်လက်တိုက်ခိုက်လျက်ရှိသည်။

အခြေစိုက်နေထိုင်

ပြန်ပေးဆွဲမှု၊ ဗုံးဖောက်ခွဲမှုနှင့် အပေါင်းပါတပ်များ၊ အီရတ်တပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား တိုက်ခိုက်မှုတွင် တာဝန်ရှိသည်ဟု ယူဆရှိသည့် တွန်းလှန် တိုက်ခိုက်ရေးသမားများသည် ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်း မိုင် ၄၀ ကွာ ဒေသရှိ အဆိုပါ ဖော်လူဂျာမြို့တွင် အခြေစိုက်နေထိုင်ကြသည်။

အင်တာနက်။

အီရတ်ဈေးအတွင်း ဗုံးပေါက်ကွဲ၍ လူလေးဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၂

ဘဂ္ဂဒက်မြို့ဈေးအနီးတွင် ပေါက်ကွဲမှုကြီးတစ်ခုဖြစ်ပွားရာ လမ်းမပေါ်၌ မြေကျင်းကြီးတစ်ခု ဖြစ်ကျန်ရစ်သည်။

ထိုပေါက်ကွဲမှုကြောင့် အနည်းဆုံးလူလေးဦးသေဆုံးပြီး ၁၀ ဦးမက ဒဏ်ရာရရှိသွားသည်ဟု ဘဂ္ဂဒက်မှအရာရှိများကပြောကြားကြသည်။ ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ခန်ဘာနီဆာဒ်အရပ်တွင် ဒေသစံတော်ချိန် ၁၁ နာရီခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားခြင်း ဖြစ်သည်။ ခန်ဘာနီဆာဒ်ကျေးရွာမှာ ဘဂ္ဂဒက်မြို့မှ ၂၅ မိုင်အကွာတွင် တည်ရှိသည်။

အခင်းဖြစ်ပွားရသည့် အကြောင်းအရင်း အသေးစိတ်ကို ရှင်းရှင်းလင်းလင်း သိရှိရခြင်းမရှိသေးဘဲ ဖြစ်နေသည်။ ဆေးဘက်ဆိုင်ရာများ၏ အဆိုအရ ဒဏ်ရာရနေသူများကို ဆေးဘက်ဝန်ထမ်းများက ဗုံးပေါက်ကွဲရာနေရာ၌ ကုသမှုပေးနေကြဆဲဖြစ်ကြောင်း သိရသည်။

ယခုသီတင်းပတ်တွင် အီရတ်နိုင်ငံ၌ ခုခံဆန့်ကျင်တိုက်ခိုက်မှုများ အသစ်တစ်ဖန် ပျံ့ပျံ့နှံ့နှံ့ဖြစ်ပေါ်လာသည်။ ဆန့်ကျင်ခုခံတိုက်ခိုက်ကြသူများတွင် အီရတ်ရှိ ဆွန်နီအသိုင်းအဝိုင်းများနှင့် ရှီးယိုက်အသိုင်းအဝိုင်းနှစ်ခုစလုံးမှ အီရတ်လူမျိုးများ ပါဝင်ကြကြောင်း သတင်းများက ဆိုသည်။

အင်တာနက်။

နှလုံးသားကို ပညာသင်ကြားခြင်း

ခွန်ညီစံ

လူရယ်လို့ဖြစ်တည်လာရင် အသိဉာဏ်ပညာဘယ်လောက်ကြီးကြီး ဘယ်လောက်ပဲ ခွန်အားကြီးမားပါစေ၊ ချမ်းသာနေပါစေ နှလုံးသား မလှပရင် လူ့လောကကို အကျိုးမပြုနိုင်ဘူးလို့ စာရေးသူထင်မြင်မှတ်ယူပါတယ်။ နှလုံးသားလေး လှပအောင် အသိဉာဏ်ရယ်၊ ပညာဉာဏ်ရယ်၊ တွေးခေါ်မြော်မြင်မှုရယ်က ထိန်းမတ်ထားပါတယ်။

နှလုံးသားကို ပညာသင်ကြားခြင်းဆိုတဲ့ နူးညံ့လှပတဲ့စကားစုလေးကို စာရေးသူ အနေနဲ့ ဂျပန်နိုင်ငံ Gunma ခရိုင်ရဲ့ Ohta မြို့က Higashi Bessho လို့ အမည်ရတဲ့ မူလတန်းအကြိုသင် ကျောင်းလေးတစ်ခုမှာကြားသိခဲ့ရပါတယ်။ စာရေးသူတို့မြန်မာနိုင်ငံက အခြေခံပညာမူလတန်းကျောင်း ဆရာ ဆရာမ ၂၀ ဟာ ဂျပန်နိုင်ငံ JICA (Japan International Cooperation Agency) နဲ့ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ရဲ့ ညှိနှိုင်းစီစဉ်မှုအရ ဂျပန်နိုင်ငံကို ၂၃ ရက်ကြာလေ့လာရေးခရီးတစ်ခု သွားရောက်ခဲ့ရပါတယ်။ အဲဒီ လေ့လာရေးခရီးစဉ်အတွင်း ဖိတ်ကြားသူတို့ရဲ့ စီစဉ်ပေးမှုအရ Higashi Bessho ကျောင်းလေးကို ရောက်ရှိခဲ့ခြင်း ဖြစ်ပါတယ်။

စာရေးသူတို့ ဆရာ ဆရာမတွေ စီးလာတဲ့ မီနီဘတ်စ်ကား ကျောင်းအဝင်တံခါးဝကိုရောက်တာနဲ့ စတင်မြင်တွေ့လိုက်ရတာတော့ ဂျပန် ကလေးငယ်လေးတွေဟာ သူတို့ရဲ့ လက်ကလေးတွေကိုမြှောက်ရင်း ကြိုဆိုနေကြတာပဲဖြစ်ပါတယ်။ စာရေးသူတို့အဖွဲ့ ကျောင်းဝင်း အတွင်းဝင်လိုက်တာနဲ့ ကလေးငယ်တွေက **ခွန်နိရှိဝါ** ဆိုတဲ့ မင်္ဂလာနံနက်ခင်းပါလို့ အဓိပ္ပာယ်ရတဲ့ ဂျပန်စကားသံတွေ၊ Good Morning ဆိုတဲ့ အင်္ဂလိပ်စကားသံတွေနဲ့ အော်ဟစ်နှုတ်ဆက်ကြပြီး သူတို့ရဲ့ လက်ကလေးတွေကို အလုအယက်ကမ်းပေးကြပါတယ်။ စာရေးသူတို့ ဆရာ ဆရာမတွေဟာလည်း အဓိပ္ပာယ်တစ်ခုတည်းဖြစ်တဲ့ **မင်္ဂလာပါကလေးတို့**၊ **ခွန်နိရှိဝါ**နဲ့ Good Morning ဆိုတဲ့ စကားသံသုံးခုနဲ့ ပြန်လည်နှုတ်ဆက်ပြီး ကလေးငယ်လေးတွေ တစ်ဦးမှ မကျန်ရလေအောင် လက်ကလေးတွေကို အမိအရ ဆုပ်ကိုင်နှုတ်ဆက်ခဲ့ကြပါတယ်။ ဒီလို အပြန်အလှန် ကြိုဆိုနှုတ်ဆက်သံတွေဟာ ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသွားလို့ လမ်းပေါ်မှာ ဖြတ်သန်းမောင်းနှင်နေတဲ့ ကားတွေဟာလည်း ရပ်တန့်ကြည့်ရှုကြပါတယ်။ ကျောင်းအနီးမှာရှိတဲ့ နေအိမ်တွေကလည်း ထွက်ကြည့်ကြပါတယ်။ တကယ့်ကို မင်္ဂလာရှိသော နေ့တစ်နေ့ပါပဲ။ ကြိုဆိုသူရော၊ အကြိုဆိုခံရသူရော၊မြင်တွေ့ရသူတွေရော အားလုံးကို တူညီတဲ့ခံစားမှု ဖြစ်စေခဲ့ပါတယ်။ အဲဒါကတော့ ကြည်နူးပီတိဆိုတာပါပဲ။

ကြိုဆိုနှုတ်ဆက်မှုတွေပြီးတော့ ကလေးငယ်တွေဟာ သူတို့တတ်ကျွမ်းတဲ့ ကိုယ်လက်ကြံ့ခိုင်ရေး အားကစားနည်းတွေနဲ့ လှုပ်ရှားပြသပါတယ်။ အဲဒီနောက်တော့ ကလေးငယ်တွေ သင်ကြားနေကြတဲ့အခန်းတွေကို လှည့်ပတ်ကြည့်ရှုရပါတယ်။ ကဗျာတွေဆိုနေတဲ့အခန်း၊ အရုပ်တွေလုပ်နေတဲ့အခန်း၊ သီချင်းတွေဆိုနေကြတဲ့ အခန်းတွေကို ဝင်လိုက်တာနဲ့ ကလေးငယ်တွေအားလုံးက အလုအယက်နှုတ်ဆက်ကြပါတယ်။ ကျောင်းတစ်ခုလုံးလည်း ကလေးငယ်တွေ ရေးဆွဲထားတဲ့ ပန်းချီကားတွေ၊ ရုပ်ပုံတွေ၊ ကလေးငယ်တွေနှစ်သက်တဲ့ အရုပ်တွေ၊ ရောင်စုံရုပ်ပုံကားချပ်တွေနဲ့ ကြည်နူးတက်ကြွစရာ ဖြစ်နေပါတယ်။ ကလေးငယ်တွေ သင်ကြားနေတဲ့အခန်းတွေကို ကြည့်ရှုပြီးချိန်မှာတော့ ကျောင်းဧည့်ခန်းမမှာ စာရေးသူတို့အဖွဲ့ကို ကျောင်းအုပ်ဆရာမကြီးက တွေ့ဆုံနှုတ်ဆက်ပါတယ်။

ကျောင်းအုပ်ဆရာမကြီးက "အခုလို ကလေးငယ်တွေကို တွေ့ရှိရတာ ဘယ်လိုခံစားရပါသလဲ"ဆိုတဲ့အမေးစကားနဲ့ နှုတ်ဆက်စကားကို စတင်ခဲ့ပါတယ်။ စာရေးသူတို့အဖွဲ့ကလည်း အလွန်ကိုပျော်ရွှင်ရပါကြောင်း ပြန်လည်ဖြေဆိုခဲ့ပါတယ်။ ဒီနောက်မှာတော့ ကျောင်းအုပ်ဆရာမကြီးက Gunma ခရိုင်ရဲ့ Ohta မြို့တွင်းမှာ မူလတန်းအကြိုသင်ကျောင်း ၁၆ ကျောင်းရှိတဲ့အနက် တစ်ကျောင်းနဲ့တစ်ကျောင်း သင်ကြားမှုပုံစံ မတူညီကြောင်း၊ သူမရဲ့ကျောင်းကတော့ အားကစား၊ သီချင်း၊ ကဗျာ၊ ပုံဆွဲခြင်း၊ အရုပ်ခေါက်နည်းတို့ကို သင်ကြားပေးကြောင်း၊ အထူးသဖြင့် စိတ်ဓာတ်ကြံ့ခိုင်စေရန်နှင့် ယဉ်ကျေးသိမ်မွေ့စေရန်အတွက် နှလုံးသားကို ပညာသင်ကြားခြင်းနဲ့ အားကစားလေ့ကျင့်ပေးခြင်းကို အဓိကထားသင်ပေးကြောင်းပြောဆိုပြီး ကျောင်းနဲ့ပတ်သက်တာတွေကို ရှင်းပြပြောဆိုပါတယ်။ ဒီလိုရှင်းပြပြောဆိုပြီးတာနဲ့ စာရေးသူတို့အဖွဲ့ကို သိချင်တာများရှိက မေးမြန်းရန်လမ်းဖွင့်ပေးပြီး ကလေးငယ်တွေကို ကျွေးမွေးတဲ့ မုန့်နဲ့ကော်ဖီအေးကို တိုက်ကျွေးဧည့်ခံခဲ့ပါတယ်။

နှလုံးသားကို ပညာသင်ကြားခြင်း အလွန်ကိုနူးညံ့သိမ်မွေ့ပြီး အဓိပ္ပာယ်ကြွယ်ဝတဲ့ စကားလုံးလေး ဖြစ်ပါတယ်။ အလွန်နုနယ်သိမ်မွေ့တဲ့ ကလေးငယ်တွေရဲ့ နှလုံးသားကို ဘာပညာတွေ သင်ကြားပေးတာလဲ၊ ဘယ်လိုသင်ကြားတာလဲဆိုတာကို ရှင်းလင်းပြောပြပေးဖို့အတွက် စာရေးသူက တလေးတစား မေးမြန်းခဲ့ပါတယ်။ စကားပြန်ကတစ်ဆင့် မေးမြန်းချက်ကို ကျောင်းအုပ်ဆရာမကြီး သိရှိသွားတော့ သူမ ခေတ္တခဏ တွေးတောနေတာကို တွေ့ရပါတယ်။ တစ်ခန်းလုံးလည်း တိတ်ဆိတ်သွားပြီး ဆရာမကြီးရဲ့စကားသံကို နားစွင့်နေကြပါတယ်။ ဆရာမကြီးဟာ ဂျပန်လို ပြန်လည်ဖြေကြားပါတယ်။ အဓိပ္ပာယ်ကို မသိပေမယ့် ဆရာမကြီးရဲ့ မျက်နှာပေါ်မှာတော့ တစ်စုံတစ်ရာ ခံစားနေရတာကို တွေ့ရှိရပါတယ်။ ဆရာမကြီးရဲ့ စကားဆုံးသွားတော့ အကြောင်းအရာနဲ့ အဓိပ္ပာယ်ကို စကားပြန်က ပြန်လည်ပြောကြားပေးပါတယ်။

"နှလုံးသားကို ပညာသင်ကြားခြင်းဆိုတဲ့ စကားလုံးနဲ့ အကြောင်းအရာကို မေးမြန်းတဲ့အတွက် သူမအဖို့ ဖြေဆိုရန်ခက်ခဲတဲ့ မေးခွန်းတစ်ခုဖြစ်ခဲ့ပါတယ်။ အဓိပ္ပာယ်ပေါ်လွင် ရှင်းလင်းအောင် အတတ်နိုင်ဆုံး ရှင်းလင်းဖြေဆိုပါ့မယ်။ ကလေးငယ်တွေဟာ မိဘ၊ ညီအစ်ကို၊ မောင်နှမများရဲ့ ကြင်နာယုယမှုကို ပြည့်ပြည့်ဝဝ မခံစားရရင် ယဉ်ကျေးသိမ်မွေ့မှုမရှိတဲ့ ပြုမူပြောဆိုနေထိုင်မှုများ၊ ကိုယ်ချင်းစာစိတ် နည်းပါးတဲ့အပြုအမူများ၊ ရိုင်းပင်းကူညီလိုစိတ် နည်းပါးတဲ့ အပြုအမူများနဲ့ ကြမ်းတမ်းတဲ့အမူအကျင့်များ ဖြစ်ပေါ်လာတတ်ပါတယ်။ ဒါကြောင့် ကလေးငယ်များရဲ့ စိတ်ဓာတ်ကို ယဉ်ကျေးသိမ်မွေ့မှုရှိလာအောင် ရည်ရွယ်ပြီး နှလုံးသားကို ပညာသင်ကြားခြင်းဆိုတဲ့ စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နှလုံးသားကို ပညာသင်ကြားပေးတယ်ဆိုတာဟာ ကလေးငယ်တွေရဲ့ နှလုံးသားလေးလှပအောင် ပြုစုပျိုးထောင်ပေးလိုက်ခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လမ်းကြောင်းပေးလိုက်ခြင်းပဲဖြစ်ပါတယ်။ ကလေးငယ်ရဲ့ အရာရာကို စူးစမ်းလေ့လာ မှတ်သားတတ်တဲ့ အသိဉာဏ်ဖြစ်ထွန်းနေချိန်မှာ ကောင်းမွန်တဲ့အကျင့်စရိုက်ကို ရယူသွားနိုင်အောင်၊ စာရိတ္တကောင်းမွန်အောင်၊ ကောင်းမှုကို သူ့ရဲ့ဘဝတစ်လျှောက်လုံး မြတ်နိုးလုပ်ကိုင်သွားအောင်၊ လူအချင်းချင်းအပေါ် ညှာတာထောက်ထားစွာနဲ့ ကူညီမှုများပေးတတ်အောင်၊ ကောင်းမွန်တဲ့ သိမြင်တွေးခေါ်မှုများ ဖြစ်ပေါ်လာအောင်တို့ကို အသိစိတ်ထဲ စွဲမြဲသွားစေဖို့အတွက် လေ့ကျင့်ပေးခြင်း ဖြစ်ပါတယ်။

"လေ့ကျင့်ပေးတဲ့ ပုံစံကတော့ ပုံပြင်လေးတွေပြောပြပြီး အဲဒီကမှ ကောင်းမှု၊ မကောင်းမှုများကို ထုတ်ဖော်ပေးတာတွေ၊ ထင်ရှားကျော်စောတဲ့ ပုဂ္ဂိုလ်တွေ၊ နေရာဒေသတွေကိုစိတ်ဝင်စားလာအောင်ပြောပြပြီး ကလေးငယ်တွေရဲ့ ကောင်းမွန်တဲ့ စိတ်ကူးစိတ်သန်းဖြစ်ပေါ်လာအောင်ပြုလုပ်ပေးတာတွေ၊ ကလေးငယ်အချင်းချင်း ချစ်ခင်ရိုင်းပင်းကူညီမှုတွေဖြစ်လာအောင် တစ်ဦးချင်းလုပ်ဆောင်မှု၊ အဖွဲ့လိုက်လုပ်ဆောင်မှုတွေကို အမြဲမပြတ် လုပ်ဆောင်စေခြင်းတွေ၊ ကလေးငယ်တွေရဲ့ မေးမြန်းမှုအားလုံးကို ဂရုတစိုက်နဲ့ ပြောကြားပေးမှုတွေနဲ့ နှလုံးသားကို ပညာသင်ကြားခြင်းပြုလုပ်ပါတယ်။ နှလုံးသားကို ပညာသင်ကြားခြင်းဟာ တစ်ခဏအတွင်း အောင်မြင်မှုရှိ၊ မရှိ ဆိုတာကိုတော့ သူမအနေနဲ့ အကောင်အထည်မပြနိုင်ပါဘူး။ သင်ကြားခံယူသွားတဲ့ ကလေးငယ်တွေရဲ့ ကြီးပြင်းတဲ့ ဘဝတစ်လျှောက်လုံးမှာ အသုံးချသွားနိုင်အောင် ပြုစုပျိုးထောင်ပေးခြင်းဖြစ်ပါတယ်။

"ကလေးငယ်တွေရဲ့တွေးမြင်ပြောဆိုမှုဟာ ဖြူစင်ရိုးသားပါတယ်။ သူမအနေနဲ့ ကျောင်းမှာတက်ရောက်သင်ကြားခဲ့တဲ့ ကလေးငယ်တစ်ဦးရဲ့ အဖြစ်အပျက်ကလေးကို အမြဲဂုဏ်ယူနေတာလေး တစ်ခုရှိပါတယ်။ အဲဒီအဖြစ်အပျက်ကလေးကတော့ တစ်နေ့မှာ သူမရဲ့ကျောင်းမှာတက်ရောက်နေတဲ့ ကလေးငယ်တစ်ဦးရဲ့ အဘိုးဖြစ်သူဟာ ကွယ်လွန်သွားပါတယ်။ အဘိုးရဲ့ဈာပနမှာ အဘွားဖြစ်သူဟာ ဝမ်းနည်းစွာ ငိုကြွေးနေတော့ ကလေးငယ်က သူ့ရဲ့အဘွားကို နှစ်သိမ့်အားပေး စကားပြောပါတယ်။ အဘွားရယ် မငိုပါနဲ့တော့။ အဘိုးရဲ့နေရာမှာ ကျွန်တော်က ဝင်ရောက်ပြီး အဘွားကို စောင့်ရှောက်ပါ့မယ်။ ကျွန်တော်က အဘွားအတွက် ပျော်ရွှင်မှုတွေ ယူဆောင်ပေးပါ့မယ်။ အခုလောလောဆယ် အဘွားအတွက် ကျွန်တော်က လက်ဆောင်တစ်ခု ပေးပါတယ်လို့ ပြောဆိုပြီး သူ့ရဲ့အဘွားကို ဓာတ်ပုံလေး တစ်ပုံထုတ်ပေးခဲ့ပါတယ်။ ဓာတ်ပုံကလေးကတော့ အဘိုးနဲ့ အဘွားဖြစ်သူတို့ ငယ်ရွယ်နုပျိုစဉ်အချိန်က မက်မန်းပင်တွေကြားမှာ ကြည်နူးပျော်ရွှင်စွာနဲ့ လက်တွဲပြီးလမ်းလျှောက်နေတဲ့ ဓာတ်ပုံလေးပဲဖြစ်ပါတယ်။ ဒါနဲ့ပဲအဘွားဖြစ်သူမှာ အသိတရားရလာပြီး ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ဒီဖြစ်စဉ်လေးကို သူမ သိရှိတဲ့အခါ ကာယကံရှင်ဘယ်သူဖြစ်တယ်ဆိုတာကို မဖော်ပြဘဲ တစ်ကျောင်းလုံးကြားနိုင်အောင် မိုက်ကရိုဖုန်းနဲ့ပြောပြခဲ့ပါတယ်။ အဲဒီအခါမှာ ကလေးငယ်တွေအားလုံးကရော၊ ဆရာတွေအားလုံးကပါ လက်ခုပ်တီးပြီး ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။ ဒါဟာ နှလုံးသားလေးလှပမှုရဲ့ ကောင်းကျိုးပဲဖြစ်ပါတယ်"လို့ ကျောင်းအုပ်ဆရာမကြီးက ရှည်လျားစွာနဲ့ ရှင်းလင်းပြောဆိုခဲ့ပါတယ်။

ကျောင်းအုပ်ဆရာမကြီးရဲ့စကားကို မြန်မာလိုပြန်ရှင်းပြတဲ့ မြန်မာလူမျိုး ကိုဝင်းဇော်တင်ရဲ့ မျက်နှာမှာလည်း ကြည်နူးမှုနဲ့ စိတ်ခံစားမှုကို တွေ့လိုက်ရပါတယ်။ သူဟာ ဂျပန်ကိုရောက်နေတာ နှစ်အတော်ကြာပြီဆိုတော့ မြန်မာလို ပြောတာတောင် ဂျပန်လေယူလေသိမ်းက အကျင့်ရနေပြီ ထင်ပါတယ်။ ခရီးစဉ်တစ်လျှောက် အချက်အလက်တွေကိုရှင်းပြတာ စကားလုံးအသုံးအနှုန်းက တစ်ခါတလေ ထောင့်နေလို့ အစဉ်ချောအောင် ဖြည့်စွက်နားလည်ခဲ့ရပေမယ့် ဒီတစ်ခါမှာတော့ တော်တော်ကြီးကို ချောမွေ့နေတာကိုတွေ့ရပါတယ်။ စာရေးသူတို့အဖွဲ့အပြင် ကျောင်းကို လိုက်ပါပို့ဆောင်ပေးတဲ့ ဂျပန်လူမျိုးတွေ အားလုံးမှာလည်း ဝမ်းသာပီတိဖြစ်နေတာကို တွေ့မြင်ခံစားခဲ့ရပါတယ်။

အဲဒီနောက်မှာတော့ စာရေးသူတို့အဖွဲ့က ကြိုတင်စီစဉ်ထားမှုမရှိတဲ့ အစီအစဉ်တစ်ခုကို ဖြည့်စွက်လုပ်ဆောင်ခဲ့ပါတယ်။ စာရေးသူတို့အဖွဲ့ကို ပျော်ရွှင်ဝမ်းမြောက်မှုတွေ ဖြစ်ပေါ်စေခဲ့တဲ့ ကျောင်းအုပ်ဆရာမကြီးနဲ့ ကလေးငယ်တွေကို ကျေးဇူးတင်စကား ပြန်လည်ပြောဆိုခဲ့ခြင်းဖြစ်ပါတယ်။ ဒီအစီအစဉ်ကို စာရေးသူတို့အဖွဲ့ဝင် ဆရာမတစ်ဦးက တာဝန်ယူခဲ့ပါတယ်။ စာရေးသူတို့ မြန်မာလူငယ် ဆရာ ဆရာမတွေအားလုံးရဲ့ ဝမ်းသာပီတိဖြစ်မှုနဲ့ စိတ်ခံစားမှုကိုပေါ်လွင်အောင် ကျေးဇူးတင်စကားပြောဆိုတဲ့ဆရာမကိုကြည့်နေတဲ့ ကျောင်းအုပ်ဆရာမကြီးရဲ့ မျက်လုံးမှာ မျက်ရည်စတွေ ရစ်ဝိုင်းနေတာကို တွေ့ရှိခဲ့ရပါတယ်။ မြန်မာအဖွဲ့ရဲ့ ကျေးဇူးတင်စကားအပေါ်မှာ ဂျပန်အားလုံးက ဝမ်းသာပီတိဖြစ်ခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ စာရေးသူတို့အဖွဲ့ ကျောင်းကနေ ပြန်လည်ထွက်ခွာတဲ့အခါမှာလည်း ကလေးငယ်တွေရဲ့ နှုတ်ဆက်မှုဟာ ရှည်လျားကြာမြင့်ခဲ့ပါတယ်။

အပြန်လမ်းတစ်လျှောက်လုံး စာရေးသူအတွက် တွေးတောစရာတွေ ဖြစ်နေခဲ့ပါတယ်။ လူမမည် ကလေးဘဝကစပြီး နှလုံးသားလေးလှပအောင် လေ့ကျင့် သင်ကြားပေးခြင်းဟာ လူ့လောကကြီးကို ကောင်းကျိုးပြုခြင်းဖြစ်ပါတယ်။ ကလေးတွေရဲ့ ပြောဆိုမှု၊ နေထိုင်မှုတွေဟာ ရိုးသားဖြူစင်ပါတယ်။ အဲဒီဖြူစင်မှုတွေဟာ လူ့လောကကြီးကို သာယာလှပစေပါတယ်။ ကလေးငယ်တစ်ဦးကပေးတဲ့ လက်ဆောင်ဟာ လူ့ဘဝကို နှစ်များစွာ ဖြတ်သန်းခဲ့ပြီး အတွေ့အကြုံတွေ၊ လောကဓံတွေကို ကျော်လွှားနိုင်ခဲ့တဲ့ လူကြီးသူမတစ်ယောက်ကို စိတ်ဓာတ်မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ အသိတရားနဲ့ အားအင်တွေကို ပေးစွမ်းနိုင်ခဲ့ပါတယ်။

နိုင်ငံတိုင်း၊ လူမျိုးတိုင်းဟာ သူတို့ရဲ့ ဓလေ့ထုံးတမ်းစဉ်လာတွေနဲ့ နေထိုင်လုပ်ကိုင်ကြပါတယ်။ စာရေးသူတို့ မြန်မာနိုင်ငံဟာ ဘာသာရေး ထိန်းကျောင်းမှုအောက်မှာ ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ကြပါတယ်။ နှလုံးသားကို ပညာသင်ကြားခြင်းဆိုတာ မြန်မာနိုင်ငံမှာ ဘယ်နေရာမဆို တွေ့မြင်နိုင်ပါတယ်။ ဒါတွေကို မိဘဆရာတွေ၊ လူကြီးသူမတွေက နေ့စဉ်သင်ကြားပေးနေတာပဲ ဖြစ်ပါတယ်။ ပြည်သူ့နီတိ၊ ၃၈ ဖြာ မင်္ဂလာ တရားတော်၊ ဇာတ်နိပါတ်တော်တွေဟာ နှလုံးသားကို ပညာသင်ပေးနေတာတွေ ဖြစ်ပါတယ်။ အယူအဆတွေ ကွဲပြားနေပေမယ့် နှလုံးသားကို ပညာသင်ကြားပေးခြင်းကတော့ အတူတူပဲ ဖြစ်ပါတယ်။ ကလေးတွေဟာ နောင်တစ်ချိန်မှာ နိုင်ငံတော်ကို ဆက်လက်ဦးဆောင်ကြမယ့် မျိုးဆက်သစ်တွေ၊ နိုင်ငံတော်ရဲ့ အင်အားတွေပဲ ဖြစ်ပါတယ်။ သူတို့ကို ပြုစုပျိုးထောင်ဖို့ စာရေးသူတို့ ဆရာ ဆရာမတွေမှာ တာဝန်အပြည့်အဝ ရှိပါတယ်။ ဆရာကောင်းတပည့်ဖြစ်မှ၊ ပန်းကောင်းပန်နိုင်ပါမယ်။ ပြည့်ဝတဲ့ ဆရာစိတ်နဲ့ ကလေးတွေကို ဘက်စုံဖြည့်ဆည်းသင်ကြားပေးမှ လမ်းကြောင်းအမှန်ကို လျှောက်လှမ်းနိုင်အောင် တည့်မတ်ပေးမှ နောင်တစ်ခေတ်ရဲ့ လူချွန်လူကောင်းလေးတွေ ဖြစ်နိုင်ပါမယ်။ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ရာမှာ ဆရာ ဆရာမတွေဟာ ကြီးမားတဲ့ မဏ္ဍိုင် ဖြစ်နေတာကြောင့် စာရေးသူတို့ ဆရာ ဆရာမတွေ ကြိုးစားကြပါစို့၊ ကလေးငယ်တွေရဲ့ နှလုံးသားကို **ကောင်းမှုမြတ်နိုး ကောင်းအောင်ကျိုး၍ ကောင်းကျိုးကိုယ်၌တည်စေမင်း** ဆိုတာဖြစ်အောင် ပညာသင်ကြားပေးကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ပါတယ်။ ။

ကလေးတွေဟာ နောင်တစ်ချိန်မှာ နိုင်ငံတော်ကို ဆက်လက် ဦးဆောင်ကြမယ့် မျိုးဆက်သစ်တွေ၊ နိုင်ငံတော်ရဲ့ အင်အားတွေပဲ ဖြစ်ပါတယ်။ သူတို့ကို ပြုစုပျိုးထောင်ဖို့ စာရေးသူတို့ ဆရာ ဆရာမတွေမှာ တာဝန်အပြည့်အဝ ရှိပါတယ်။ ဆရာကောင်းတပည့်ဖြစ်မှ ပန်းကောင်းပန်နိုင်ပါမယ်။ ပြည့်ဝတဲ့ ဆရာစိတ်နဲ့ ကလေးတွေကို ဘက်စုံဖြည့်ဆည်းသင်ကြားပေးမှ၊ လမ်းကြောင်း အမှန်ကို လျှောက်လှမ်းနိုင်အောင် တည့်မတ်ပေးမှ နောင်တစ်ခေတ်ရဲ့ လူချွန်လူကောင်းလေးတွေ ဖြစ်နိုင်ပါမယ်။

လုံးတော်ပြည့် ရွှေသက်န်းကပ်လှူနိုင်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ရှေးဟောင်းသမိုင်းဝင် ကျိုက္ကလဲ့ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရန် ဘဏ္ဍာတော်ထိန်း(ဂေါပကအဖွဲ့)က ဆောင်ရွက်လျက်ရှိရာ လှူဒါန်းလိုသူများ ထီးတော်မှ ငှက်ပျောဖူး၊ ကြာမှောက်ကြာလှန်အထိ ရွှေသင်္ကန်းရွှေဆိုင်း တစ်ဆိုင်းလျှင် ကျပ် ၁၂၀၀၀ နှုန်း၊ ရွှေဆိုင်းပေါင်း ၃၀၀ခန့်နှင့် ဖောင်းရစ်တော်မှ ခေါင်းလောင်းတော်(သပိတ်မှောက်)ထိ ကိုးလက်မ x ကိုးလက်မကြေးပြား ရွှေချပြီး တစ်ချပ်လျှင် ကျပ် ၅၂၀၀ နှုန်းဖြင့် ဆရာတော်ဦးဇာဂရ(သမုတိဆရာတော်) ဖုန်း-၆၃၆၂၆၁၊ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မင်္ဂလာဒုံမြို့နယ် ဖုန်း-၆၃၉၅၀၃၊ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ ဖုန်း-၆၃၅၀၇၂နှင့် ဂေါပကအဖွဲ့ရုံး ကျိုက္ကလဲ့ မင်္ဂလာဒုံ ဖုန်း-၆၃၆၀၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိတ တရားတော် ရှေးအတိတ်ကံစွမ်းကြောင့် ဖြစ်ပေါ်လာ**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅	၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅	၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀	၇။ မြန်မာ့သံစဉ်ချိုနားဝင်
၄:၅၀	၈။ မျိုးချစ်တပ်မတော်
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Statistical Theory Moments and Generation Functions (ဒုတိယနှစ်-စီးပွားရေးအထူးပြု)
၅:၃၀	၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။ မြန်မာ့ရှုခင်း
၆:၄၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မျက်ရည်မိုး (အပိုင်း-၁၆)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။ **English Premier League ဘောလုံးပွဲ Middles Brogh & Newcastel**
	၂၅။ သင့်အတွက်မနက်ဖြန်
	၂၆။ အပိတ်နှုတ်ဆက်စကား
	၂၇။ ပြီးပါပြီ။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး အထောက်အကူပြု အားကစားရုံများ

မိုးလုံလေလုံအားကစားခန်းမ

ကျန်းမာကြံ့ခိုင်ပြီး အားကစားထူးချွန် ထက်မြက်သောလူငယ်များပေါ်ထွန်းလာရေးအတွက် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့၌ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် မိုးလုံလေလုံ အားကစားခန်းမကို တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

ကျောက်ဆည်မြို့ အားကစားခန်းမ

ကျန်းမာကြံ့ခိုင်သော လူငယ်များပေါ်ထွန်းလာရေးအတွက် မန္တလေးတိုင်း ကျောက်ဆည်မြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် အားကစားခန်းမကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ-သတင်းစဉ်)

ကျိုင်းတုံမြို့ အားကစားရုံ

အားကစား ထူးချွန်ထက်မြက်ပြီး ကျန်းမာကြံ့ခိုင်သော လူငယ်များပေါ်ထွက်လာရေးအတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် အကောင်အထည်ဖော် တည်ဆောက်ပေးထားသည့် အားကစားရုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-ဌေးအောင်၊ ကြေးမုံ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲ တွင် မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစောသန်းချစ်မောင်တို့က မာလ်တီမီဒီယာ စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဖွင့်လှစ်လိုက်သော မာလ်တီမီဒီယာ စာသင်ခန်းများဖြစ်သည့် Language Lab, Computer Room, Computer Aided Instruction, Study Room (Reading and Listening), Electronic Media (Video Lab) ၊အိမ်တွင်းမှု နှင့်ပန်းချီခန်းနှင့် သင်ထောက်ကူပစ္စည်းများပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ကျောင်း၏ ထီးတန်းခန်းမ၌ ကျောင်းသား၊ ကျောင်းသူများက ကျောင်းသီချင်းနှင့် တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေကြပြီး မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေ့ဦးစွာ ကျောင်းအုပ်ကြီး ဦးစိန်လွင်က မာလ်တီမီဒီယာစာသင်ခန်းများ ဖွဲ့စည်းထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစောသန်းချစ်မောင်က မာလ်တီမီဒီယာစာသင်ခန်းများ ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကျောင်းအတွက် လှူဒါန်းငွေများကို ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲ အခမ်းအနားတွင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့်အတူမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

အလှူငွေနှင့်ပစ္စည်းများပေးအပ်

ဆက်လက်၍ ကျောင်းအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းခြင်းအစီအစဉ်ကို ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ် ၁၅သိန်း၊ မိဘဆရာအသင်းက ငွေကျပ် ၁၀သိန်းနှင့် ဦးအောင်အောင်ထွန်း-ဒေါ်စန္ဒာဝင်းတို့က ငွေကျပ် ငါးသိန်းတန် ကွန်ပျူတာတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းထံကြည့်မြင်တိုင်မြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲ တွင် ကျောင်းအတွက် အကျိုးတော်ဆောင်အဖွဲ့က ငွေကျပ် ၁၅သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လက်ခံယူသည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးကိုကိုကြီးက ငွေကျပ်သုံးသိန်း၊ ကျောင်းပရဝဏ်ဆိုင်ခန်းများက ငွေကျပ် ၂၆၄၀၀၀နှင့် ဦးအောင်နိုင် မိသားစုက ငွေကျပ် ၁၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံယူသည်။

ဆက်လက်၍ ငွေသောင်ယံ စားတော်ဆက်မှ ဦးသာစိန်-ဒေါ်အေးသိန်း မိသားစုက ငွေကျပ် ၁၃၅၀၀၀၊ သီရိမင်္ဂလာဈေး-ဈေးသာယာရေးအဖွဲ့ ထိပ်တန်းပွဲရုံမှ ဦးထွန်းရင်၊ သရဖူကုန်စိမ်းပွဲရုံမှ ဦးမောင်ဦး-ဒေါ်မူမူ မိသားစု၊ သာမညသစ်သီးပွဲရုံမှ ဦးထွန်းကြည်-ဒေါ်ပဲ၊ ဦးအောင်ဌေး-ဒေါ်ထားထားနွယ်နှင့် ဗားကရာဆိပ်ကမ်း မာလကာ၊ သရက်ပွဲရုံမှ ဦးအေးသောင်းတို့က ငွေကျပ် ၁၀၀၀၀၀စီ တို့ကို အသီးသီးပေးအပ်လှူဒါန်း ကြရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီး ဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီးအောင်မျိုး မင်းတို့က လက်ခံယူကြသည်။

တိုးချဲ့ထူထောင်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာ၌ ယနေ့ ဤကျောင်း၌ မာလ်တီမီဒီယာပစ္စည်းများကို အလှူရှင်များ၏ စေတနာအပေါင်းအစုဖြင့် တိုးချဲ့ထူထောင် ပေးလိုက်နိုင်ပြီဖြစ်ကြောင်း။

ယင်း အီလက်ထရောနစ် သင်ကြားမှု အထောက်အကူပစ္စည်းများ၊ ကွန်ပျူတာများကို ဆရာ၊ ဆရာမ များရော ကျောင်းသား၊ ကျောင်းသူများပါ ထိထိရောက်ရောက် သုံးစွဲသွားကြရန် မှာကြားလိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကလည်း ဖိဖိစီးစီးကြိုးစား၊ မိဘပြည်သူများကလည်း ဝိုင်းဝန်းထောက်ပံ့စောင့်ရှောက်၊ ဆရာ၊ ဆရာမများကလည်း တပည့်များကို ပညာတတ်မြောက်အောင်၊ ဘဝကိုရင်ဆိုင်ရပ်တည်နိုင်အောင် သွန်သင်ဆုံးမ၊ ဤသို့ ညီညီညွတ်ညွတ် ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်နိုင်ကြမည်ဆိုလျှင် ကျောင်းသား၊ ကျောင်းသူ တစ်ဦးချင်းဘဝတိုးတက်ရေးကိုသာမက နိုင်ငံတော်အတွက် လိုအပ်သော ပညာတတ်လူရည်မွန်များ မွေးထုတ်ရေး လုပ်ငန်းသည်လည်း အောင်မြင်မှာဖြစ်ကြောင်း။

မြန်မာ့ရုပ်မြင်သံကြားမှ နဝင်္ဂဥပေါသထ ကိုးပါးသီလဟောကြားချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၁၃

၁၃၆၆ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့၊ ဩဂုတ် ၁၅ရက် (တနင်္ဂနွေနေ့)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ထားဝယ်မြို့ ဃောသိတာရာမတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသက နဝင်္ဂဥပေါသထ ကိုးပါးသီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ယနေ့ပညာခေတ်၌ သူငယ်တန်းကျောင်းသားအရွယ်မှ အသက်ကြီးရင့်သည့်အရွယ်အထိ မိမိတို့၏ အသိပညာကိုအစဉ်အမြဲ ဖြည့်ဆည်းနေနိုင်အောင် စီမံဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ ထက်မြက်သော လူ့အရင်းအမြစ်သည် နိုင်ငံတော်၏တန်ဖိုးဖြတ်၍ မရနိုင်သည့်အဓိက အရင်းအမြစ်ကြီးဖြစ်ကြောင်း၊ ယင်းလူ့အရင်းအမြစ်နှင့်သယံဇာတ အရင်းအမြစ်တို့ကို မှန်ကန်စွာပေါင်းစပ်၍ ခေတ်မီနိုင်ငံတော်ကြီးကို တည်ဆောက်ထူထောင်သွားကြရမှာ ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နှင့်အဖွဲ့ဝင်များသည် ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နှင့်အဖွဲ့ဝင်များသည် ကြည့်မြင်တိုင် မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် သီဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

*** ကျောဖုံးမှ**

ယင်းနောက် လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းက စက်ရုံစီမံကိန်း လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် အထူးဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း၊လုပ်ငန်းသုံးပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းသည် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုသည့်လုပ်ငန်းဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်စွမ်းပေးမည့်စီမံကိန်းလုပ်ငန်း ဖြစ်သည်နှင့်အညီ တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျကြပ်မတ်၍ ဝန်ထမ်းအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံသို့ တစ်ရက်လျှင်တန် ၁၇၆၀ ကျ ပေးသွင်းသွားမည့် စက်ရုံမှ ၁ ဒသမ ၂ မိုင်ကွာဝေးသည့် ကျောက်မီးသွေးတူးဖော် ထုတ်လုပ်မှုလုပ်ကွက်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှမ်းရိုးမ နဂါးကုမ္ပဏီမှ စီမံကိန်း ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်နိုင်စိုးက ကျောက်မီးသွေးတူးဖော်မည့် စက်ယန္တရားများရောက်ရှိမှုနှင့် လုပ်ကွက်မှ စက်ရုံသို့ကျောက်မီးသွေးများ ပေးပို့မည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက လုပ်ငန်းလိုအပ်ချက်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီး ဝင်းမြင့်နှင့်တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၂ရက် မွန်းလွဲပိုင်းတွင် ဟိုပုံးမြို့အဝင်၌ စမ်းသပ်စိုက်ပျိုးလျက်ရှိသည့်ရွှေရင်အေး စပါးစမ်းသပ် စိုက်ခင်းသို့ ရောက်ရှိရာ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရတင်လှ၊ ဟိုပုံးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦး နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးတိုးအောင်က စိုက်ပျိုးဆောင်ရွက်နေသည့် လယ်မြေဧက၊ စိုက်ပျိုးပုံနည်းစနစ်၊ ဓာတ်မြေဩဇာ သုံးစွဲမှုအခြေအနေ၊ စပါးအထွက်နှုန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းက တစ်ဧကလျှင်ပျိုးပင် ၁၇၀၀၀၀ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူများအား နည်းပညာ ဖြန့်ဝေကြီးကြပ်ဆောင်ရွက်ရေး၊ တိုက်ရိုက် အစေ့ချစိုက်ပျိုးနည်းကို စနစ်တကျဆောင်ရွက်ရေး၊ ဒေသဝမ်းစာဖူလုံပိုလျှံရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများက တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

▲ အမျိုးသားညီလာခံမှ

ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့်ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်တွဲဖက် အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ရှေးဦးစွာ အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံ ခေတ္တရပ်နားထားစဉ်အတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အဆောက်အအုံများ ထိန်းသိမ်းပြုပြင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ၂၀၀၄ခုနှစ် ဇူလိုင် ၁၆ရက်တွင် ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ခေါ်ယူကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအစည်းအဝေးတွင် လုံခြုံရေးကိစ္စများ၊ အဆောက်အအုံ ဟောင်းများပြုပြင်ထိန်းသိမ်းရေးကိစ္စများ၊ Land Scaping ကိစ္စများ၊ ပရိဘောဂများနှင့် ကိုယ်စားလှယ်အသုံးအဆောင်ပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိရေး ကိစ္စများ၊ အဆောက်အအုံသစ်များ ထပ်မံဆောက်လုပ်ရေးကိစ္စများကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း၊ ယနေ့အစည်းအဝေးကိုလည်း အထက်ပါလုပ်ငန်းငါးရပ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဆွေးနွေးကြရန်နှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြပြီး လုပ်ငန်းများအဆင်ပြေပြီးမြောက်အောင်မြင်စေရေးအတွက် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင် က ညောင်နှစ်ပင်စခန်းရှိ ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှု၊ အဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်း ထားရှိမှုနှင့် အမိုးအကာများ၊ ထိုင်ခုံများပြုပြင်မွမ်းမံရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက မိမိတို့တာဝန်ယူ ဆောင်ရွက်နေကြသော လုပ်ငန်းများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

တင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်ချက်များကို အသေးစိတ် ဆွေးနွေးမှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မိမိတို့ တာဝန်ရှိသူများအပိုင်းက ပေါင်းစပ်ဆောင်ရွက်ပေးရန်ရှိသည်တို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လက်တွေ့တာဝန်ယူ လုပ်ကိုင်နေကြသည့် တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအပိုင်းမှ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေ ၅နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံ ကျင်းပ သည့် ညောင်နှစ်ပင်စခန်း လုံခြုံရေး၊ ပစ္စည်းများ ထိန်းသိမ်းရေး၊ အဆောက်အအုံများ မွမ်းမံပြင်ဆင်ရေး၊

လိုအပ်သော အဆောက်အအုံအသစ်များအတွက် ပုံစံ၊ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ရေးနှင့် သစ်ပင်ပန်းမန်များ ထိန်းသိမ်းစိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄–၈–၂၀၀၄ (စနေနေ့)

၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၁၄)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ မဟာဝံသမြတ်ဗုဒ္ဓ (ပထမပိုင်း)

၈:၃၀ ၆။ International News.

၈:၄၅ ၇။ Grammar Made Easy.

၉:၀၀ ၈။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁:၂၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း–၁၇)**

၂:၀၀ ၆။ ပုလင်းရေလှောင်တမံ

၂:၀၅ ၇။ **ကံ–ကံ၏အကျိုး (ကျော်သူ၊ ရီဝေယံ၊ မေသဉ္ဇာဦး၊ မြတ်ကေသီအောင်) (ဒါရိုက်တာ–မောင်နှင်းမိုး)**

၂:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၂:၄၅ ၉။ International News.

၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၅ ၄။ အမှတ်(၃) အခြေခံပညာဦးစီးဌာန (၂၀၀၃–၂၀၀၄ခုနှစ်) ပညာရေးစုံညီပွဲတော် (ဗဟိုအဆင့်) ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ (ပထမဆု)(အထက–၁၊လသာ) (အမျိုးသားဝတ်ရွတ်အဖွဲ့)

၅:၁၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)

၅:၃၀ ၆။ တေးဂီတအစီအစဉ်

၅:၄၅ ၇။ မြင်းခြံစိန်ဗိုလ်သင်းဆိုင်းအဖွဲ့ ဖျော်ဖြေခန်း

၆:၀၅ ၈။ မြန်မာစာ၊ မြန်မာစကား

၆:၂၀ ၉။ ဗုဒ္ဓရောင်ဝါထွန်းလင်းစေမှာ မဟာသန္တိသုခကျောင်းတော်မဟာ

၆:၃၀။ ၁၀။ ညနေခင်းသတင်း

၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၂။ Discovery

၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ် (အပိုင်း–၅)**

၇:၄၀ ၁၄။ ဝါဆိုခြင်းပွဲတော်

၈:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခုတည်းသော အချစ် (အပိုင်း–၁၅)**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

မြန်မာ့ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေး စက်မှုဇုန်တာဝန်ခံ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးစက်မှုဇုန် ကနောင်ခန်းမ၌ စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီဝင်များ၊ စီမံခန့်ခွဲရေး ကော်မတီဝင်များနှင့် စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားပြီး မန္တလေးစက်မှုဇုန်တွင် စက်ရုံများ တည်ဆောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

မန္တလေး၊ မုံရွာနှင့်တောင်ကြီး၌အဆင့်မြင့်စက်မှုဇုန်များထူထောင် စက်ကိရိယာများ၊ စက်အပိုပစ္စည်းများ၊ အင်ဂျင်များထုတ်လုပ်မည်

ရန်ကုန် ဩဂုတ် ၁၃

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေး စက်မှုဇုန်တာဝန်ခံ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ယနေ့နံနက် ၉နာရီတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန်ရှိ ကနောင်ခန်းမ၌ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်များ၊ စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စက်ရုံများတည်ထောင်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ မန္တလေးစက်မှုဇုန်မော်တော်ယာဉ် ထုတ်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် လယ်ယာသုံးပစ္စည်း ထုတ်လုပ်ရေး အဖွဲ့ဝင် မန္တလာလက်တွန်းထွန် စက် ထုတ်လုပ်ရေး မန်နေဂျာဦးခင်မောင်ရီတို့က အဆင့်မြင့်စက်မှုဇုန် တည်ဆောက်မှုအခြေအနေ၊ မော်တော်ယာဉ်များထုတ်လုပ်ခြင်း ကိစ္စနှင့် လယ်ယာသုံး စက်ကိရိယာများထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆင့်မြင့်

ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဦးအောင်သောင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်၏ ကူညီပံ့ပိုးမှုဖြင့် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် တောင်ကြီး အေးသာယာစက်မှုဇုန်တို့ကို အဆင့်မြင့် စက်မှုဇုန်များအဖြစ် ထူထောင်ပေးလျက်ရှိကြောင်း၊ အဆင့်မြင့်စက်မှုဇုန်များ၌ Foundry Plant, Press Shop, Forging Shop, Heat Treatment Shop နှင့် Machine Shop များ တည်ထောင်၍ စက်ကိရိယာများ၊ စက်အပိုပစ္စည်းများနှင့် အင်ဂျင်များကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ စက်မှုလုပ်ငန်းရှင်များ အနေဖြင့် အဆင့်မြင့်စက်မှုဇုန်တည်ဆောက်ရေးလုပ်ငန်းများတွင် စိတ်ဝင်စားစွာ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကနောင်ခန်းမ၌ပြသထားသည့် မန္တလေးစက်မှုဇုန်မှ ထုတ်လုပ်သည့် အင်ဂျင်စက်များကို ကြည့်ရှုသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက်မှုဇုန်အဆင့် တိုးမြှင့်ရေးစီမံကိန်းရုံးသို့ ရောက်ရှိရာ ချမ်းဟိန်း ဆောက်လုပ်ရေး မန်နေဂျာ ဦးဇော်ဟိန်းက သံရည်ကျို စက်ခုတ်စားစက်ရုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မကြာမီပြည်ပမှ စက်ပစ္စည်းများ ရောက်ရှိလာမည်ဖြစ်သဖြင့် မြို့ပြဆိုင်ရာလုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အောင်ဂျပ်စက္ကူထုတ်လုပ်ရေးစက်ရုံ၊ အောင်နိုင်သံရည်ကျိုစက်ရုံနှင့် ငြိမ်းချမ်းကမ္ဘာ သွားတိုက်ဆေးစက်ရုံတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရွှေဝါဝင်းကျောင်း မြတောင်တိုက်သို့ရောက်ရှိပြီး မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာသနဘိဝံသ အားဖူးမြော်ကြည်ညိုရ၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် မဟာအောင်မြေမြို့နယ်ရှိ သားရေစက်ရုံဝင်း အတွင်း တည်ဆောက်ဖွင့်လှစ်မည့် ဝင်းသူဇာအရောင်းဆိုင်နေရာကို ကြည့်ရှုသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် စင်ကာပူ နိုင်ငံခြားရေး ဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ၂၀၀၄ ခုနှစ် ဩဂုတ် ၁၂ရက်တွင် စင်ကာပူသမ္မတနိုင်ငံ -နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်သူ ဗိုလ်မှူးချုပ် ဂျော့ယောင်ဘွန်းရီယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၄)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၃

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းအမှတ်(၆၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။**(ယာပုံ)**

ထိလာစစ်သူ၊ နုယဉ်၊ မင်းယုဝေ၊ မြင်းမူမောင်နိုင်မိုး၊ ကို(တက္ကသိုလ်)၊ နောင်၊ ရန်နိုင်ဦး၊ ကြူကြူသင်း၊ ပုဏ္ဏဝတီတင့်နှောင်း၊ စလင်းဘုန်းကျော်၊ သျှားထက်နိုင်(ဘူမိဗေဒ)၊ ဇာနည်၊ သလ္လာခင်လေးတို့၏အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ ပခုက္ကူ ဦးအုန်းဖေ၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာမတင်ဝင်း၊ ခင်ဆွေမြင့်(မြန်မာစာ)၊ မောင်ခင်မင် (ဓနုဖြူ)၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ ဒေါက်တာဖေဉာဏ်၊ သန်းဝင်းရှိန်၊ လယ်တွင်းသားစောချစ်၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ ဆရာမမ္မပါလ၊ မော်ဝန်းကြည်မြတ်၊ စာကြည့်တိုက်ခင်မောင်၊ မိုးထက်မောင်မောင်၊ မောင်မွန်မြတ်(ဆူးလေ)၊ မှူးစိုး၊ တက္ကသိုလ် စိုးယဉ်တို့၏ ဆောင်းပါးများ၊ ယုဝတီခင်ဦး၊ ခင်ကြူကြူတင်၊မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊မောင်ဆန္ဒ(လယ်ဝေး)၊ လွင်သက်မောင်၊ ခိုင်နန်းစံ၊ မနွယ်(ကလော)၊ ဇာနည်ဟိန်း (သီပေါ)၊ မြခြူးအိမ်၊ ဖျာပုံလှမိုးနွယ်၊ ညိုအံ့တို့၏ဝတ္ထုတို/ရှည်များအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ ကာတွန်း၊ ပုံပြင်၊ ဟာသ ကဏ္ဍစုံလင်စွာတင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ပြည်၊ မကွေး၊ သန်လျင်၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ပဲခူး၊လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ရသည်။ (က-ပ)

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၃

၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလကွယ်၊ ဩဂုတ် ၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက် ဦးစီးပဓာန နာယက ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ) အရှင်သူမြတ်ကလည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အဖွဲ့ဝင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)အရှင်သူမြတ်ကလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (က-ပ)

❍ ချစ်ကြည်ရေးပွဲမှ

ကျွမ်းကျင်သူတစ်ဦးနှင့် ကစားသမား၁၀ဦး စုစုပေါင်း ၁၄ဦးလိုက်ပါလာသည်။ လက်ရည်စမ်းပွဲကစားမည့် အေအိုင်အေအသင်းတွင် သဲသောင်ပြင်လူငယ် ဘော်လီဘောပြိုင်ပွဲကြေးတံဆိပ်ဆုရ ကစားသမားများ၊ ၂၀၀၃ခုနှစ် ကမ္ဘာ့ကျောင်းသား ဘော်လီဘောပြိုင်ပွဲဝင်ကစားသမားများပါဝင်လာပြီး အရပ်အမြင့်ဆုံးကစားသမားမှာ ၂၀၇စင်တီမီတာဖြစ်ပြီး အရပ်အနိမ့်ဆုံးကစားသမားမှာ ၁၈၃ စင်တီမီတာရှိကြောင်းသိရသည်။

လက်ရည်စမ်းပွဲများအဖြစ် ဩဂုတ်၁၄ရက်တွင် မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် အေအိုင်အေအသင်း၊ ဩဂုတ်၁၆ရက်တွင် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်လူငယ်လက်ရွေးစင်အသင်းနှင့် အေအိုင်အေအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)တွင် ညနေ၃နာရီ၌ စတင်ကျင်းပမည်ဖြစ်သည်။

အခမဲ့ကြည့်ရှုနိုင်

ဘော်လီဘောအားကစားဝါသနာရှင်များအနေဖြင့် လက်ရည်စမ်းပွဲနှစ်ပွဲစလုံးကို အခမဲ့ကြည့်ရှုနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မြန်မာ-ကနေဒါ နှစ်နိုင်ငံ ချစ်ကြည်ရေး အစီအစဉ်အရ မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် လက်ရွေးစင် အသင်းများနှင့် လက်ရည်စမ်းကစားရန် ရောက်ရှိလာသော ကနေဒါနိုင်ငံမှ အေအိုင်အေ အမျိုးသားဘော်လီဘောအသင်းကို တွေ့ရစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)



ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် ရဲရိပ်သာမိသားစုရပ်ကွက်ရုံး၌ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးတင်ဝင်း ဇူလိုင်၂၉ရက်ကနိုင်ငံသား စိစစ်ရေးကတ်ပြားများပေးအပ်စဉ်။

(က-ပ)

ထာဝရဆေးပဒေသာပင်

အမှတ် (၃၅၅)၊ ဦးဝိစာရလမ်း စမ်းချောင်းမြို့နယ်နေ ဦးထွန်းဝင်း-ဒေါ်မိုးစန္ဒာ မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အလှူငွေ ကျပ်နှစ်သိန်းကို ဇူလိုင် ၃၁ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က-ပ)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်ခဲ့ပြီး ဒုက္ခကြုံတွေ့နေရသည့် မြန်မာအမျိုးသမီးငယ်များအား တာချီလိတ်တွင် လွှဲပြောင်းလက်ခံ

ရန်ကုန် ဩဂုတ် ၁၃

ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်ခဲ့ပြီး ဒုက္ခကြုံတွေ့နေရသည့် မြန်မာအမျိုးသမီးငယ် ၂၀ တို့အား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အစီအစဉ်၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNIAP တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝလုံခြုံရေးဝန်ကြီးဌာန (Ministry of Social Development and Human Security) နှင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်အရ တာချီလိတ်မြို့ နှစ်နိုင်ငံ ချစ်ကြည်ရေးတံတား၌ လွှဲပြောင်းလက်ခံရေး အစီအစဉ်ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ အစီအစဉ်ကို မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရန် ကြိုတင်သဘောတူညီမှု၊ ချစ်ကြည်မှုနှင့် အပြန်အလှန်နားလည်မှုအခြေခံဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဒုက္ခကြုံတွေ့နေသည့် အမျိုးသမီးငယ်များအား လက်ခံပြီး မိဘရပ်ထံ စနစ်တကျ ပြန်လည်အပ်နှံရေး လုပ်ငန်းသည် လူမှောင်ခိုကုန်ကူးသည့် လုပ်ငန်းကို ကာကွယ်တားဆီးလျက်ရှိသည့် အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

လွှဲပြောင်းပေး

ဩဂုတ် ၁၀ ရက် နံနက်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထောက်အကူပြုအဖွဲ့ဝင်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UNIAP အဖွဲ့အစည်းမှ တာဝန်ရှိသူများသည် နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားသို့ သွားရောက်၍ လွှဲပြောင်းလက်ခံကြရာ ထိုင်းနိုင်ငံဘက်မှ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝလုံခြုံရေးဝန်ကြီးဌာနမှ Permanent Secretary Mr. Wanlop Phloytabtm၊ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက လိုက်လံပို့ဆောင် လွှဲပြောင်းပေးကြသည်။

စုပေါင်းမှတ်တမ်းတင်

ထို့နောက် နှစ်နိုင်ငံ ကိုယ်စားလှယ်များသည် ချစ်ကြည်ရေးတံတားပေါ်၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ပြန်လည်ရောက်ရှိလာသော အမျိုးသမီးငယ် ၂၀ မှာ တာချီလိတ်မြို့နယ်မှ ရှစ်ဦး၊ ကျိုင်းတုံမြို့နယ်မှ နှစ်ဦး၊ မိုင်းဖြတ်မြို့နယ်မှ သုံးဦး၊ မိုင်းယောင်းမြို့နယ်မှ တစ်ဦး၊ မိုင်းယန်းမြို့နယ်မှ တစ်ဦး၊ မိုင်းခတ်မြို့နယ်မှ တစ်ဦး၊ မိုင်းပျဉ်းမြို့နယ်မှ နှစ်ဦး၊ တန့်ယန်းမြို့နယ်မှ တစ်ဦး၊ ကျောက်မဲမြို့နယ်မှ တစ်ဦးတို့ဖြစ်သည်။

ယင်းအမျိုးသမီးငယ် ၂၀ အား တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက တွေ့ဆုံ၍ အားပေးစကားပြောကြားခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ ၎င်းတို့ပိုင်ဆိုင်သော ငွေနှင့် ပစ္စည်းများကို လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းနှင့် ၎င်းတို့အား သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် UNIAP တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဩဂုတ် ၁၀ရက်၊ ၁၁ရက်နှင့် ၁၂ရက်တို့တွင် မိဘရပ်ထံအရောက် စနစ်တကျ ပြန်လည်ပို့အပ်ရေး စီစဉ်ဆောင်ရွက်ခဲ့သည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်ခဲ့ပြီး ဒုက္ခကြုံတွေ့ခဲ့သည့် မြန်မာအမျိုးသမီးငယ် ၂၀ အား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အစီအစဉ်၊ လူမှုဝန်ထမ်း ဦးစီးဌာနနှင့် UNIAP တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးရေးနှင့် လူမှုဘဝလုံခြုံရေး ဝန်ကြီးဌာနနှင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်အရ တာချီလိတ်မြို့ နှစ်နိုင်ငံချစ်ကြည်ရေးတံတားတွင် လွှဲပြောင်းလက်ခံပြီးနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်မြက နှစ်သိမ့်ဆွေးနွေး အားပေးစကားပြောကြားစဉ်။ (လူမှုဝန်ထမ်း)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

➪ ကျောဖုံးမှ

ကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကား ပြောကြားရာ၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပွင့်လင်းရာသီ၌ ပြန်လည်ကျင်းပသည့်အခါ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်များကို စာတမ်းပြုစုတင်ပြရန်ရှိကြောင်း၊ ယင်းသို့ အလှည့်ကျ သဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက် စာတမ်းပြုစုရာတွင် လုပ်ငန်းကော်မတီရုံးက လိုအပ်သည်များကို သဘာပတိအဖွဲ့အား ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ သဘာပတိအဖွဲ့က လေ့လာတွေ့ရှိချက် စာတမ်းပြုစုရာတွင် သဘာပတိအဖွဲ့၏ အစီအစဉ်အတိုင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို မွန်းတည့် ၁၂နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်ခဲ့ပြီး ဒုက္ခကြုံတွေ့ခဲ့သည့် မြန်မာအမျိုးသမီးငယ် ၂၀ အား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အစီအစဉ်၊ လူမှုဝန်ထမ်း ဦးစီးဌာနနှင့် UNIAPတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးရေးနှင့် လူမှုဘဝလုံခြုံရေး ဝန်ကြီးဌာနနှင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်အရ တာချီလိတ်မြို့ နှစ်နိုင်ငံချစ်ကြည်ရေးတံတားတွင် လွှဲပြောင်းလက်ခံစဉ်။ (လူမှုဝန်ထမ်း)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၃-၈-၂၀၀၄)

အမ်း	—	၇ ဒသမ ၀၉ လက်မ
မောင်တော	—	၆ ဒသမ ၉၃ လက်မ
ကျောက်တော်	—	၆ ဒသမ ၃၀ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	—	၅ ဒသမ ၀၈ လက်မ
ရန်ကုန်(မှော်ဘီ)	—	၄ ဒသမ ၉၂ လက်မ
ရန်ကုန်(ခရမ်း)	—	၄ ဒသမ ၆၉ လက်မ
သထုံ	—	၄ ဒသမ ၀၉ လက်မ
စစ်တွေ	—	၄ ဒသမ ၀၂ လက်မ
ကျောက်ဖြူ	—	၃ ဒသမ ၉၄ လက်မ
သာယာဝတီ	—	၃ ဒသမ ၇၄ လက်မ
ပဲခူး	—	၃ ဒသမ ၃၉ လက်မ

မြစ်ရေသတိပေး

ရန်ကုန် ဩဂုတ် ၁၃

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ၃၀ စင်တီမီတာ (တစ်ပေခန့်) မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် (၅)စင်တီမီတာ စိုးရိမ်ရေမှတ်အထက်တွင် ရှိနေပါသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ထုတ်ပြန်သည်။

ပဲခူးတိုင်း မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဆုများချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၃

ပဲခူးတိုင်း ပဲခူးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမင်းအောင်တို့နှင့်အတူ ဩဂုတ် ၉ ရက် နံနက် ၈ နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စု၌ ကျင်းပသော ပဲခူးတိုင်း ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပဲခူးတိုင်း ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသော ပဲခူးခရိုင်(က)အသင်းအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ တိုင်းစိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ပဲခူးတိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် တောင်ငူ၊ ပဲခူး၊ ပြည်နှင့် သာယာဝတီခရိုင်တို့မှ ခရိုင်ကိုယ်စားပြုအသင်းများ၊ မယင်းကျေးရွာအုပ်စုမှ သရုပ်ပြကောက်စိုက်လုံမေများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စိုက်ပျိုးရေးတာဝန်

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးသည် အဓိကအားဖြင့်စိုက်ပျိုးရေးအပေါ်တွင်မူတည်လျက်ရှိကြောင်း၊ အလားတူစွာ အများစုဖြစ်သည့် ကျေးလက်နေ ပြည်သူများ၏ စီးပွားရေး တိုးတက်မှုသည်လည်း စိုက်ပျိုးရေးအပေါ်တွင် မူတည်လျက်ရှိသည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတိုးတက်မှသာ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပိုလျှံသည့်သီးနှံများကို နိုင်ငံခြားသို့ တင်ပို့နိုင်မှသာ နိုင်ငံတော်၏စီးပွားရေးသည် တောင့်တင်းခိုင်မာလာမည် ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်တွင်း စားသုံးမှုအတွက် အရေးကြီးသည့်အပြင် ပြည်ပပို့ကုန်ဖြစ်သော အဓိကသီးနှံ ၁၀ မျိုးကို ရွေးချယ်သတ်မှတ်ပြီး ပြည်နယ်နှင့် တိုင်းများအတွက် နှစ်စဉ်လျာထားသတ်မှတ်ချက်များ ချပေးပြီး စီမံကိန်းနှင့်အညီ တိုးတက်အောင် စိုက်ပျိုးစေလျက်ရှိကြောင်း။

အဓိကသီးနှံ ၁၀ မျိုးအနက် အရေးကြီးဆုံးဖြစ်သော စပါးကို တစ်နှစ်မိုးစပါးဧက ၁၃ ဒသမ ၆၉ သန်း၊ နွေစပါးဧက ၃ဒသမ၃၈ သန်းအတွက် တင်းသန်း ၁၂၀၀ ရရှိရေးအတွက် နိုင်ငံတော်က လျာထားပြီး ပြည်နယ်နှင့် တိုင်းအသီးသီးကို ကြိုးပမ်းစိုက်ပျိုးစေခဲ့ကြောင်း၊ ထို့ကြောင့် စပါးစိုက်ဧကများ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့သည်ကိုတွေ့ရကြောင်း၊ ၁၉၈၂–၁၉၈၃ ခုနှစ်တွင် နိုင်ငံတော်တစ်ခုလုံး မိုးစပါးဧက ၁၂ ဒသမ ၉ သန်းစိုက်ပြီး စပါးအထွက်တင်း သန်း ၆၈၀ သာ ထွက်ရှိခဲ့ရာမှ ၂၀၀၁–၂၀၀၂ ခုနှစ်တွင် မိုးစပါး ၁၃ သန်း၊ နွေစပါး နှစ်သန်း စိုက်ပျိုးပြီး စပါးအထွက်တင်း သန်း ၁၀၅၀ ထွက်ရှိခဲ့ကြောင်း၊ ယခင် နှစ် ၂၀၀၃–၂၀၀၄ ခုနှစ်တွင် မိုးစပါးဧက ၁၃ ဒသမ ၄၃ သန်း၊ နွေစပါးဧက ၃ ဒသမ ၁၀ သန်း စိုက်ပျိုးကာ စပါးအထွက်တင်း သန်းပေါင်း ၁၁၅၆ တင်းအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ဤကဲ့သို့ ပြည်နယ်နှင့်တိုင်းများမှ စပါးစိုက်ပျိုးရေးကို အားသွန်ခွန်စိုက် တိုးတက်ကြိုးပမ်းစိုက်ပျိုးခဲ့သော်လည်းနိုင်ငံတော်၏ ရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရကြောင်း။

ရည်မှန်းချက်ပြည့်မီရေး

ထို့ကြောင့် နိုင်ငံတော်၏ စပါးစိုက်ဧက ရည်မှန်းချက် ပြည့်မီရေးအတွက် ပဲခူးတိုင်းအနေဖြင့် ယခုနှစ်တွင် ယခင်ကထက် မိုးစပါးဧကနှစ်သိန်းတိုးပြီး ဧက ၂၆ သိန်းကျော် စိုက်ပျိုးနိုင်ရေး၊ နွေစပါးကိုလည်း ယခင်နှစ်ကထက် ဧကလေးသောင်းတိုးပြီး သုံးသိန်းပြည့်အောင် စိုက်ပျိုးနိုင်ရေးအတွက် ခရိုင်၊ မြို့နယ်များအလိုက် တာဝန်ပေးပြီး ဆောင်ရွက်စေခဲ့ရာ ယနေ့ ပဲခူးတိုင်း၏ မိုးစပါးရေတော် မိုးတော်ဧက ၂၂ သိန်း သုံးသောင်းကျော်ကို ကြိုးပမ်းစိုက်ပျိုးပြီး GDP လျာထားချက်၏ ၉၁ ရာနှုန်းအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည့်အတွက် အလွန်ဝမ်းမြောက် ဂုဏ်ယူဖွယ်ရာကောင်းကြောင်း ပြောကြားလိုကြောင်း။ ယင်းအောင်မြင်မှုကို ကျေနပ်မနေဘဲ ကျန်ရှိသည့် မိုးစပါးများကို ရာသီကုန်တွင် ပြည့်မီကျော်လွန်ရေး၊ စိုက်ပျိုးပြီး စပါးများရှင်သန်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်ရရှိရေးနှင့် နွေစပါးကိုလည်း လျာထားသည့်အတိုင်းပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေးကိုလည်းအလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

ဆည်တမံ ၁၆၂ ခု

နိုင်ငံတော်အနေဖြင့်လည်း ပြည်နယ်နှင့်တိုင်းအားလုံး မိုးစပါး၊ နွေစပါးများ လျာထားချက် အောင်မြင်စွာ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေ ရရှိရေးအတွက် ယနေ့အထိ တစ်နိုင်ငံလုံး ဆည်မြောင်းတာတမံပေါင်း ၁၆၂ခု တည်ဆောက်ပေးပြီး ၂၈ ခုကိုလည်း ဆက်လက်တည်ဆောက်ပေးနေဆဲဖြစ်ကြောင်း၊ ထို့အပြင် မြစ်ရေတင် စီမံကိန်းပေါင်း ၂၆၅ ခုကို တည်ဆောက်ပြီး စိုက်ပျိုးရေများပေးလျက်ရှိသည့်အပြင် စီမံကိန်း ၃၀ကိုလည်း တည်ဆောက်ပေးနေဆဲဖြစ်ကြောင်း၊ ပဲခူးတိုင်းအတွင်းတွင် ဆည်တာတမံပေါင်း ၄၀ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဆည်ငါးခုကို ဆက်လက်တည်ဆောက်ပေးလျက်ရှိကြောင်း။

တစ်ဖက်၌လည်း နိုင်ငံတော်က ကျေးလက်နေပြည်သူများ၏ စီးပွားရေးတိုးတက်ပြီး စိုက်ပျိုးရေးများ အောင်မြင် ဖြစ်ထွန်းစေရေးအတွက် လယ်ယာမြေများ ဖော်ထုတ်ပေးခြင်း၊ တစ်ဧကအထွက်နှုန်းတင်း၁၀၀ရရှိရေးအတွက်ဆောင်ရွက်ပေးခြင်း၊ တစ်သီးက နှစ်သီး၊နှစ်သီးက သုံးသီး၊ သီးထပ်/သီးညှပ်စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ကိုယ် မျိုးကိုယ် စနစ်တကျထားရှိတတ်ရေးတို့အတွက်ပါ ပညာပေးခြင်း၊ ကူညီခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အကျိုးရှိရှိသုံးစွဲတတ်ရေး ပညာပေးခြင်း၊ လုပ်အားနှင့်အချိန်ကုန်သက်သာပြီး ကျန်ကျစရိတ်လည်း သက်သာသည့် တိုက်ရိုက်မျိုးစေ့ချစနစ်တို့ကို အားသွန်ခွန်စိုက်ဆောင်ရွက် ပညာပေးလျက် ရှိသဖြင့် ကျေးလက်နေ ပြည်သူများအနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေး ရည်မှန်းချက်များကိုအောင်မြင်အောင် အင်တိုက်အားတိုက်ကြိုးပမ်းအားထုတ်စိုက်ပျိုးကြရန် တိုက်တွန်းလိုကြောင်း။

အဓိကသီးနှံ ၁၀မျိုးအပြင် နှစ်ရှည်သီးနှံသုံးမျိုးဖြစ်သော ဆီအုန်း၊ ရော်ဘာ၊ သစ်ဆိမ့်တို့အနက်ပဲခူးတိုင်း၌ ဖြစ်ထွန်းသည့်ရော်ဘာနှင့် သစ်ဆိမ့်ပင်များကိုလည်းကောင်း၊ အမယ်သစ်သီးနှံသုံးမျိုးဖြစ်သည့် လက်ဖက်၊ ကော်ဖီနှင့် ငရုပ်ကောင်းတို့ကို လည်းကောင်း စိုက်ပျိုးဖြစ်ထွန်းသည့် နေရာများတွင် စီမံကိန်းချမှတ်ပြီး စီးပွားဖြစ် ကြိုးပမ်းစိုက်ပျိုးကြရန်နှင့် မိမိတို့ဒေသတွင် ဖြစ်ထွန်းသည့် မွေးမြူရေးများကိုလည်း တိုး၍ မွေးမြူကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူအားလုံး၏ စီးပွားရေးဖြစ်ထွန်းပြီး ကျေးလက်နေပြည်သူများ၏လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးမှ ထွက်ရှိသည့် သီးနှံများနှင့် ထုတ်ကုန်များကို ဈေးကွက်သို့ အလျင်အမြန်နှင့်လွယ်ကူစွာ တင်ပို့ရောင်းချနိုင်ရေးအတွက် ပေ ၁၈၀ နှင့်အထက် တံတားကြီးပေါင်း ၁၈၅ ခုကိုလည်း ပြည်နယ်/တိုင်းအနှံ့ တည်ဆောက်ပေးထားပြီး ဖြစ်သည့်အပြင် ဆက်လက်၍ တံတားကြီး ၃၉ စင်းကိုလည်း ဆောက်လုပ်ပေးနေဆဲဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပဲခူးတိုင်းသည် စိုက်ပျိုးရေးကဏ္ဍတွင် အားကိုးရသောတိုင်းဖြစ်သည့်အတွက် စိုက်ပျိုး ရေးကို တိုးတက်သည်ထက် တိုးတက်အောင် ကြိုးပမ်းစိုက်ပျိုးကြရန်၊ နိုင်ငံတော်က ချမှတ်ပေးထားသော သီးနှံအလိုက် အထွက်နှုန်းတိုးရေး၊ ပန်းတိုင်ရည်မှန်းချက်များ အောင်မြင်အောင် နည်းလမ်းလေးသွယ်ဖြင့် အကောင် အထည်ဖော်ကြရန်၊ ဌာနဆိုင်ရာများအနေဖြင့်လည်း စိုက်ပျိုးကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ဖြည့်ဆည်း ဆောင်ရွက်ပေးကြရန်၊ တောင်သူလယ်သမားများ အနေဖြင့်လည်း တိုးတက်ပြောင်းလဲနေသည့် နည်းပညာများကို လေ့လာမှတ်သား စိုက်ပျိုးကြရန်၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးတွင်လည်း အလေးထားပါဝင် ဆောင်ရွက်လုပ်ကိုင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကြီးကြပ်ရေးဒိုင်ချုပ် ပဲခူးတိုင်းမြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းစိုးအေးက မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက် မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲမြင့်၊ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်း၊ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းအေးနှင့် သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းတို့က မိမိတို့နှင့် သက်ဆိုင်ရာ ခရိုင်အလိုက် ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါး ရေတော်မိုးတော်ဧက ထွန်တုံးပိတ်အစီရင်ခံစာများကို ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုထံ ပေးအပ်ကြသည်။

ဆက်လက်၍ မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ခရိုင်ကိုယ်စားပြု အသင်းများက ပြိုင်ပွဲ ကျင်းပမည့် ကွင်းအတွင်း နေရာယူကြပြီး ပြိုင်ပွဲစတင်ရန်အတွက် ချိန်မှတ်ဒိုင်က အချက်ပေး၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ရာ ပြိုင်ပွဲဝင် ခရိုင်လေးခရိုင် ကိုယ်စားပြု အသင်းများက မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ကြိုးတန်းဖြင့် တိုက်ရိုက်မျိုးစေ့ချ သရုပ်ပြသသော ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စုမှ ကောက်စိုက်လုံမေများအား ဂုဏ်ပြုဆုကိုလည်းကောင်း၊ ခရိုင်ကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများအား ယှဉ်ပြိုင်ဆုများကိုလည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် တတိယဆုရရှိသော ပဲခူးတိုင်း(ခ)အသင်းအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက လည်းကောင်း၊ ဒုတိယဆုရရှိသောပြည်ခရိုင်(ခ)အသင်းအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုကလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပထမဆုရရှိသော ပဲခူးခရိုင်(က) အသင်းအား ဂုဏ်ပြုဆုကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည်ခင်းကျင်းပြသထားသောလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်း စက်မှုလယ်ယာ ဦးစီးဌာနပြခန်းရှိ လယ်ယာ(၁၆) လက်တွန်းထွန်စက်၊ ကြားပေါင်းလိုက်ကိရိယာ၊ ကောက်စိုက်စက်၊ စပါးရိတ်စက်နှင့် တမန်းမွှေစက်၊ ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြခန်းရှိ မြေအသုံးချရေးပြကွက်၊ မျိုးစေ့ပြကွက်နှင့် သီးနှံကာကွယ်ရေး ပြကွက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

ဝါတွင်းတရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၃

မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် မင်းချောင်းလမ်း သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ဓမ္မာရုံကြီးတွင် (၅၈)ကြိမ်မြောက် ဝါတွင်းခုနစ်ရက် တရားစခန်းပွဲကို ကမ္မဋ္ဌာနာ စရိယ ဆရာကြီး (ဦးကြည်)၏ ဥပနိဿယ အတိုင်း ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို တရားဟော ဓမ္မကထိကများက (ဝါခေါင်လပြည့်ကျော် ၁၁ ရက်မှ တော်သလင်းလဆန်း ၂ရက်)ဩဂုတ်လ ၂၁ ရက်မှ ၂၇ရက်အထိ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူများအနေဖြင့် ဩဂုတ် ၂၀ ညနေ ၅ နာရီအရောက် စာရင်းပေးသွင်းနိုင်ကြောင်းသိရှိရသည်။

(က–ပ)

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန် နှိုးဆော်

ရန်ကုန် ဩဂုတ် ၁၃

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၄ခုနှစ်အတွက် (၁၅) ကြိမ်မြောက်ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသောခေါင်းစဉ်မှာ ဖွံ့ဖြိုးဝေစည် မြန်မာပြည် ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ၁၀ x ၁၂လက်မထက်မငယ်သောအရွယ်အစား (Print) ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင် ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း/ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်းဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့်အကြောင်းအရာ(Caption)အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့်ကိုယ်ရေးအကျဉ်းချုပ်တို့ကိုပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ပြိုင်ပွဲတွင်ဆုရရှိသောဓာတ်ပုံပညာရှင်များ၏ အမည်ကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် -

(က) ၁-၁-၂၀၀၅ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၉)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ ပေါင် (၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒ ဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၈-၉-၂၀၀၄ ရက်နေ့မှ စတင်၍ အခမဲ့ရယူပြီး ၈-၁၀-၂၀၀၄ ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ် ရဲဘက်ပွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့်(၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲ တင်ပြရမည်။

၄။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၁၆-၁၀-၂၀၀၄ ရက်နေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် (၉) နာရီ မှ (၁၁) နာရီထိ။

(ခ) **ဇီဝဗေဒ** ။ နေ့လယ် (၁) နာရီ မှ (၃) နာရီထိ။

၅။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်း ဖြစ်သည်။

၆။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းများကို တိုင်းစစ်ဌာနချုပ်များတွင် ၁၈-၁၁-၂၀၀၄ ရက်နေ့မှ ၂၁-၁၁-၂၀၀၄ ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။ အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားသွားမည်။ ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက် စုံစမ်းမေးမြန်းနိုင်သည်။

၇။ သင်တန်းကာလတွင် လစာအဖြစ်ပထမနှစ် (၅၀၀ဝိ/-)၊ ဒုတိယနှစ် (၅၁၀ဝိ/-)၊ တတိယနှစ်(၅၂၀ဝိ/-) စတုတ္ထနှစ်(၅၃၀ဝိ/-)ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါ ဘွဲ့များ အပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B. N.Sc (Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B. Pharm (Bachelor of Pharmacy)

(ဂ) ဆေးဘက်ပညာသည်ဘွဲ့(ရောဂါရှာဖွေရေးပညာ) B.P.Sc (Med. Tech) Bachelor of Paramedical Science (Medical Technology)

(ဃ) ဆေးဘက်ပညာသည်ဘွဲ့ (ဓာတ်မှန်ရိုက်ပညာ) B.P.Sc (Radiography) Bachelor of Paramedical Science (Radiography)

(င) ဆေးဘက်ပညာသည်ဘွဲ့ (ကာယကုသမှုပညာ) B.P.Sc (Physiotherapy) Bachelor of Paramedical Science (Physiotherapy)

၈။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် အမှုထမ်းဆောင်ရမည်။

အဓိဋ္ဌာန် အန္တရာယ်ကင်း စေတီတော် ရွှေထီးတော်အသစ် တင်လှူပူဇော်မည်

ရန်ကုန် ဩဂုတ် ၁၃

ဆရာတော် ဘဒ္ဒန္တစန္ဒိမာ ဦးစီး၍ မန္တလေးတိုင်း ဝမ်းတွင်းမြို့ အဓိဋ္ဌာန်အန္တရာယ်ကင်း စေတီတော်အား ဩဂုတ် ၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် စေတီတော်၏ ရွှေထီးတော်၊ စိန်ဖူးတော် အသစ် တင်လှူပူဇော်မည် ဖြစ်ပါသဖြင့် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား လာရောက်ပူဇော်နိုင်ရန် နှိုးဆော်ထားသည်။ (က-ပ)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း အမှတ်(၄၇၅)နေ ဘိုးဘွားမိဘများနှင့် ဇနီးဒေါ်မြမြကို ရည်စူး၍ ဦးစံလှနှင့်မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိသော ရွှေတုံးကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)သို့ ဩဂုတ် ၃ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေနွယ်၏ e-Government စာအုပ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၃

နိုင်ငံတကာစီးပွားရေးဂျာနယ်က စီစဉ်တင်ဆက်လိုက်သော စာအုပ်ဖြစ်ပြီး စာရေးဆရာ ရွှေနွယ် ရေးသားသော e-Government **(အောက်ပုံ)** သည် ယနေ့ အိုင်တီခေတ်၏ အကြောင်းအရာသစ်၊ စိတ်ကူးအသစ် ဖြစ်သည်။ နိုင်ငံတော်အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအသစ်ဖြစ်သည်။ e-Government လမ်းကြောင်းပေါ်သို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၆ နိုင်ငံကျော်က လျှောက်လှမ်းနေကြသည်။ e-Government စာအုပ်သည် နိုင်ငံသူ၊ နိုင်ငံသားနှင့်အစိုးရတို့၏ အိပ်မက်ကိုပြောပြနေသည်ဟု စာရေးသူ၏ အမှာစာတွင် တွေ့ရှိရသည်။ စမ်းရေကြည်စာပေ (တစ်ဆင့်)ဖုန်း ၀၁-၂၇၉၈၁၇၊ ၀၁-၂၅၆၂၂၄ က ဖြန့်ချိသည်။ (က-ပ)

ပုဇွန်တောင်မြို့နယ် ကျောင်းကျန်းမာရေး သီတင်းပတ်အစီအစဉ်အရ ဩဂုတ် ၁၃ရက်က အခြေခံပညာ အထက်တန်းကျောင်း အမှတ် (၄)တွင် အလှူရှင် ဦးကျော်စိုး-ဒေါ်နီနီကျော်၊ သမီး မချိုမိမိကျော် (သူငယ်တန်း-A) မိသားစုက ကလေးငယ်များအား ရေခဲမုန့်၊ ကိတ်မုန့် အာဟာရ ကျွေးမွေးလှူဒါန်းစဉ်။ (၂၃)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း (၈၀) ဖြစ်သည်။

HLA SHWE
PIANO SERVICES
No.(37/39), Daw Thein Tin street,
Kandawgalay, MTNT, Yangon.
Phone : 01 373 484, 09 500 9775
E-mail : hspiano@myanmar.com.mm

ကိန္နရီ ®
အဆင့်မြင့်ချည်ချောလုံချည်
"ကိန္နရီ" ချစ်သူများ သိရှိနိုင်ပါရန်
ပင်ရင်း - ကိန္နရီအထည်စက်၊ သဲတောမြို့
ဖုန်း - ၀၆၃-၅၀၁၁၀ (သဲတော)၊ ၀၁-၅၂၆၂၂၈ (ရန်ကုန်)

ရွှေသမင်
ကျိုပေါင်းရောဂါပျောက်ဆေး

လှိုင်စာပေ
ပါးလိုင်းလိုင်း
ကုန်ဆုံးသွားသော အိပ်မက်ဆိုညများ
လုံးချင်းဝတ္ထုသစ်
ထွက်ပြီ



El Dorado DIGITAL MEDIA
Professional 3D Character Animation Course
3D STUDIO MAX
Discreet 3D Studio Max : Modelling Character Animation Character Studio.
NO.157/159, C-2, 36TH STREET, KYAUKTADA TSP., YANGON.
PHONE: 381 217, 381 334.

Excel Shopping Mall
Amazing Moonsoon Sales
၁၄.၈.၀၄ To ၁၈.၈.၀၄
ဈေးရောင်းပွဲတော်ကို နံနက် (9:00) နာရီမှ ည (9:00) နာရီထိ Excel Shopping Mall တွင်ကျင်းပနေပါပြီ။ (5000)ကျပ်နှင့်အထက် ဝယ်ယူအားပေးကြသော မိတ်ဆွေများကို ကံစမ်းမဲ Coupon များ ပေးနေပါပြီ ။
ဆက်လက်လာရောက် အားပေးကြပါရန် Excel Shopping Mall မိသားစုမှ နွေးထွေးလှိုက်လှဲစွာဖြင့် ကြိုဆိုဖိတ်ခေါ်ပါသည်။
Excel Shopping Mall

Y.E.S. မှ အင်္ဂလိပ်စကားပြော သင်တန်းများ
Basic Spoken English : AUG - 9,16,21,23,30
Pre-Intermediate English : AUG-16,21,23
Basic Writing, Intermediate English: AUG - 21
Grammar Foundation Course : AUG - 23
Vocabulary Enrichment Course : AUG - 30
SAT (I), TOEFL, IELTS,4 Skills : AUG - 3,23,28
No.119, Y.W.C.A Building, Bogalayzay St, Botataung Tsp. 245821
No.190, 2nd Flr, 28th St (Upper), Pabedan Tsp. 243950

The VOICE သတင်းဂျာနယ်
၁၆-၈-၂၀၀၄ နေ့တွင် စာဖတ်သူများထံ ပို့ဆောင်ပါမည်။

ချမ်းပီယံပေါက်ဆီမုန့်
☎:682844 ☎:682944 ☎:682928
☎:680301 ☎:681326
☎:02-65975 ☎:02-28036

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ အော်ဂနာ(အထူးကု)

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌ ကျပ်ငွေဖြင့်ခန့်ထားရန်)

မင်းအနော်ရထာအုပ်စုကုမ္ပဏီလီမိတက်

A MEMBER OF PARAMI GROUP CO.,LTD.

မင်းအနော်ရထာအုပ်စုကုမ္ပဏီလီမိတက်၏ Infrastructure လုပ်ငန်း (မြေသားတူးဖို့ခြင်းနှင့် တူးမြောင်းတူးဖော်ခြင်းလုပ်ငန်း)၊ ကွန်ကရစ်လုပ်ငန်းနှင့် မြို့ပြလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် သတ်မှတ်အရည်အချင်းပြည့်မီပြီး လုပ်ငန်းခွင်အတွေ့အကြုံရှိသူ၊ ကျွမ်းကျင်စွာ ပူးပေါင်းလုပ်ဆောင်နိုင်သူ အားလုံးအား ရေရှည်လက်တွဲလုပ်ကိုင်ရန်အတွက် နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူများအား ဖိတ်ခေါ်အပ်ပါသည်။

(က) ADMINISTRATION DEPARTMENT(BOLO)

၁။ **မန်နေဂျာ (Manager)** ကျား/မ (၂) ဦး
- အသက်(၃၀)မှ (၄၅)နှစ်အတွင်း၊ ဘွဲ့ရပြီးသူ၊
- စီမံခန့်ခွဲရေးလုပ်ငန်းများကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်သူ၊
- လုပ်သက်အတွေ့အကြုံ(၅)နှစ်အထက်ရှိသူ၊

၂။ **စခန်းတာဝန်ခံ (Operation Manager)** ကျား (၃) ဦး
- အသက်(၃၀)မှ(၄၅)နှစ်အတွင်း ဘွဲ့ရပြီးသူ၊
- နယ်ဆိုဒ်တွင်လုပ်ငန်းများကို ကျွမ်းကျင်စွာစီမံအုပ်ချုပ်နိုင်သူ၊
- အတွေ့အကြုံ(၅)နှစ်အထက်ရှိပြီး ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ၊

၃။ **ဒု-မန်နေဂျာ (Dy Manager)** ကျား/မ (၄) ဦး
- အသက်(၃၀)မှ (၄၀)နှစ်အတွင်း၊ ဘွဲ့ရပြီးသူ၊
- စီမံခန့်ခွဲရေးလုပ်ငန်းများကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်သူ၊
- လုပ်သက်အတွေ့အကြုံ(၃)နှစ်အနည်းဆုံးရှိသူ၊

၄။ **ဒု-စခန်းတာဝန်ခံ (Dy-Operation Manager)** ကျား (၃) ဦး
- အသက်(၃၀)မှ (၄၀)နှစ်အတွင်း၊ ဘွဲ့ရပြီးသူ၊
- နယ်ဆိုဒ်လုပ်ငန်းများ၏ Operation ကို ဦးဆောင်စီမံနိုင်သူ၊
- အတွေ့အကြုံ(၃)နှစ်အထက်ရှိပြီး၊ ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ၊

၅။ **အတွင်းရေးမှူး (Secretary)** မ (၃) ဦး
- အသက်(၂၅)မှ (၃၀)နှစ်အတွင်း၊
- ရုပ်ရည်ပြေပြစ်သန့်ပြန့်ပြီး၊ အိမ်ထောင်မရှိသူ၊
- အင်္ဂလိပ်/တရုတ်ဘာသာ ကျွမ်းကျင်စွာရေးနိုင်၊ ပြောနိုင်သူ၊
- Office Manager ကျွမ်းကျင်ပြီး၊ အတွင်းရေးမှူးအောင်လက်မှတ်ရပြီးသူ၊
- Communication & Leadership Certificate ရပြီးသူ၊

၆။ **ကြီးကြပ်ရေးမှူး (Supervisor)** ကျား (၆) ဦး
- အသက်(၃၅)နှစ်ထက်မကြီးစေရ၊ ဘွဲ့ရပြီးသူ၊
- ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အနည်းဆုံးရှိသူ၊
- အထက်ညွှန်ပြပါလုပ်ငန်းများကို ဦးဆောင်ကြီးကြပ်နိုင်သူ၊
- လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ခွဲဝေချထားခြင်း၊ စစ်ဆေးခြင်း၊ တင်ပြခြင်းများကို စနစ်တကျ ဆောင်ရွက်နိုင်သည့် နိုးကြားတက်ကြွသူ၊

၇။ **လက်ထောက်ကြီးကြပ်ရေးမှူး (Asst. Supervisor)** ကျား (၁၇) ဦး
- အသက်(၃၀)နှစ်ထက်မကြီးစေရ၊ (၁၀)တန်းအောင်ပြီးသူ၊
- လုပ်ငန်းခွင်တွင် အနီးကပ်ကြီးကြပ်၍ တာဝန်ခွဲဝေချထားနိုင်သူ၊
- နိုးကြား၊ သွက်လက်စွာဖြင့် စွမ်းဆောင်မှုပြည့်ဝသူ၊
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိသူ၊

၈။ **စတိုတာဝန်ခံ (Store Incharge)** ကျား (၅) ဦး
- အသက်(၂၅)မှ (၃၀)နှစ်အတွင်း၊ ဘွဲ့ရပြီးသူ၊
- စတိုပိုင်းဆိုင်ရာ စာရင်းဇယားကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သူ၊
- ပစ္စည်းလိုအပ်ချက်၊ Stock နှင့် ပစ္စည်းထိန်းသိမ်းရေးစနစ်ကျသူ၊
- လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်ရှိသူ၊

(ခ) FINANCE DEPARTMENT

၁။ **ငွေစာရင်းကိုင် (Accountant)** ကျား/မ (၃) ဦး
- အသက်(၃၀)မှ (၃၅)နှစ်အတွင်း၊
- B.Com/CAT/Level III အောင်မြင်ပြီးသူ၊
- ငွေစာရင်းပိုင်းဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်အထက်ရှိသူ၊
- Accounts Receivable and Payment Cash Flow and Costing; Accounting Manager ကျွမ်းကျင်သူဖြစ်ရမည်။
- ငွေစာရင်းပိုင်းဆိုင်ရာတာဝန်များကို သွက်လက်စွာဦးဆောင်နိုင်သူ၊

၂။ **လက်ထောက်စာရင်းကိုင် (Asst. Accountant)** ကျား/မ (၅) ဦး
- အသက်(၃၀)နှစ်ထက်မကြီးစေရ၊ Level III အောင်မြင်ပြီးသူ၊
- ငွေစာရင်းပိုင်းဆိုင်ရာလုပ်ငန်းအတွေ့အကြုံ(၃)နှစ်အနည်းဆုံးရှိသူ၊
- Stock, General Ledger မှ အစမ်းရှင်းတမ်းအထိ ဦးဆောင်တာဝန်ယူနိုင်သူ၊
- ကျွမ်းကျင်သွက်လက်စွာ ကွန်ပျူတာအသုံးပြုနိုင်သူ၊

၃။ **ငွေစာရင်းကိုင်အကူ (Accounting Asst.)** ကျား/မ (၅) ဦး
- အသက်(၂၅)မှ (၃၀)နှစ်အတွင်း၊ ဘွဲ့ရရှိပြီးသူ၊
- ငွေစာရင်းဇယားများကို စိတ်ဝင်စားစွာ စာရင်းသွင်း၊ စစ်ဆေးနိုင်သူ၊
- ငွေစာရင်းကိုင်၏ လမ်းညွှန်သင်ပြမှုများကို တိကျစွာ လိုက်နာဆောင်ရွက်နိုင်သူ၊

(ဂ) ENGINEERING DEPARTMENT

(၁) **လက်ထောက်အမှုဆောင်အင်ဂျင်နီယာ AEE (Mechanical)** ကျား (၃) ဦး
- အသက်(၄၅)နှစ်ထက် မကြီးစေရ၊ B.E(Mech)အောင်မြင်ပြီးသူ၊
- အထက်ညွှန်ပြလုပ်ငန်းများကို ရုံးချုပ်နှင့်နယ်ဆိုဒ်ပူးတွဲ၍ တာဝန်ထမ်းဆောင်နိုင်သူ၊
- Operation, Maintenance, Construction;Reporting လုပ်ငန်းကျွမ်းကျင်ပြီး ကျွမ်းကျင်စွာဖြင့် အချိတ်အဆက်မိမိ ဦးဆောင်နိုင်သူ၊
- လုပ်ငန်းအတွေ့အကြုံ(၈)နှစ်အနည်းဆုံးရှိသူ၊

(၂) **လက်ထောက်အမှုဆောင်အင်ဂျင်နီယာ AEE(Civil)** ကျား (၂) ဦး
- အသက်(၄၅)နှစ်အထက်မကြီးစေရ၊ B.E(Civil)အောင်မြင်ပြီးသူ။
- အထက်ညွှန်ပြလုပ်ငန်းများကို ရုံးချုပ်နှင့်နယ်ဆိုဒ် ပူးတွဲ၍တာဝန်ထမ်းဆောင်နိုင်သူ၊
- Operation, Reporting လုပ်ငန်းကျွမ်းကျင်ပြီး ကျွမ်းကျင်စွာဖြင့် အချိတ်အဆက်မိမိဦးဆောင်နိုင်သူ၊
- လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်အထက်ရှိသူ၊

(၃) **လက်ထောက်အင်ဂျင်နီယာ AE(Mech.)** ကျား (၅) ဦး
- အသက်(၄၀)နှစ်အထက်မကြီးစေရ၊ B.E(Mech)အောင်မြင်ပြီးသူ၊
- စက်မှုပိုင်းဆိုင်ရာလုပ်ငန်းများကို ဦးဆောင်တာဝန်ယူ ကြီးကြပ်မှုပေးနိုင်သူ၊
- သတ်မှတ်ချိန်အတွင်း လျာထားလုပ်ငန်းများပြီးမြောက်အောင် Schedule ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၅နှစ်ရှိသူ၊

(၄) **လက်ထောက်အင်ဂျင်နီယာ AE(Civil)** ကျား (၅) ဦး
- အသက်(၄၀)နှစ်အထက်မကြီးစေရ၊ B.E(Civil) (သို့မဟုတ်)B.Tech(Civil)
- လုပ်ငန်းများကို ဦးဆောင်တတ်သူ၊ ကြီးကြပ်မှုပေးနိုင်သူ၊ သတ်မှတ်ချိန်အတွင်း လျာထားလုပ်ငန်းများပြီးမြောက်အောင် Schedule ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူ၊
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၈)နှစ်ရှိသူ၊

(၅) **ဒု-လက်ထောက်အင်ဂျင်နီယာ SAE (Mech.)** ကျား (၁၀) ဦး
- အသက်(၂၅)မှ (၃၅)နှစ်အတွင်း B.E(သို့)B.Tech(Mech) ဖြင့်အောင်မြင်ပြီးသူ၊
- စက်မှုပိုင်းဆိုင်ရာစီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းပြုပြင်ရေးဆောင်ရွက်နိုင်သူ၊
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိသူ၊
- အတွေ့အကြုံ(၅)နှစ်အထက်ရှိသူ A.G.T.I(Mech)လက်မှတ်ရများလည်းလျှောက်ထားနိုင်သူ၊

(၆) **ဒု-လက်ထောက်အင်ဂျင်နီယာ SAE (Civil)** ကျား (၈) ဦး
- အသက် (၂၅)မှ (၃၅)အတွင်း B.E(သို့) B.Tech (Civil)ဖြင့် အောင်မြင်ပြီးသူ၊
- မြို့ပြလုပ်ငန်းများ စီမံခန့်ခွဲနိုင်သူ၊ အသေးစိတ် ဦးဆောင်တာဝန်ယူနိုင်သူ၊
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိသူ၊
- အတွေ့အကြုံ (၅)နှစ်အထက်ရှိသူ A.G.T.I (Civil) လက်မှတ်ရသူများလည်း လျှောက်ထားနိုင်သည်။

(၇) **အငယ်တန်းအင်ဂျင်နီယာ(မြို့ပြ) JE(Civil)** ကျား (၅) ဦး
- အသက် (၂၂)နှစ်မှ (၃၆)နှစ်အတွင်း A.G.T.I (Civil) အောင်လက်မှတ်ရပြီးသူ၊
- မြို့ပြလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းတာတွက်ချက်ခြင်း၊ ပုံစံပြုတင်ပြခြင်းဆောင်ရွက်နိုင်သူ၊
- လုပ်ငန်းခွင်တွင် စက်မှုအင်/ယာများနှင့်ပူးတွဲ၍ တက်ကြွစွာဆောင်ရွက်နိုင်သူ၊
- လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိသူ၊

(၈) **အငယ်တန်းအင်ဂျင်နီယာ(စက်မှု) JE(Mech.)** ကျား(၁၅) ဦး
- အသက် (၂၂)မှ (၃၀)နှစ်အတွင်း A.G.T.I(Mech) အောင်လက်မှတ်ရပြီးသူ၊
- စက်မှုပိုင်းဆိုင်ရာ ဆက်စပ်ပစ္စည်းများကို စာတွေ့၊ လက်တွေ့ ကျွမ်းကျင်စွာ ထိန်းသိမ်းဆောင်ရွက်နိုင်သူ၊
- လုပ်ငန်းခွင်တွင် မြို့ပြအင်/ယာများနှင့် ပူးတွဲ၍ တက်ကြွစွာ ဆောင်ရွက်နိုင်သူ၊
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိသူ၊

(၉) **အငယ်တန်းအင်ဂျင်နီယာ(လျှပ်စစ်) JE (Elect.)** ကျား (၃) ဦး
- အသက် (၂၂)မှ (၃၀)နှစ်အတွင်း A.G.T.I (Elect) အောင်လက်မှတ်ရပြီးသူ
- Electrical Control Panel နှင့် လျှပ်စစ်ပစ္စည်းအကြောင်း နှံ့စပ်စွာ နားလည်တတ်ကျွမ်းသူ
- ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်း အနည်းဆုံး(၃)နှစ်အထက်ရှိသူ
- Excavator များ၏ Electronic Control System ကျွမ်းကျင်စွာ ထိန်းသိမ်းပြုပြင်နိုင်သူအား ဦးစားပေးမည်။

(ဃ) OPERATION DEPARTMENT

(၁) **ယာဉ်/ယန္တရားမှူး (MTO)** ကျား (၃) ဦး
- အသက် (၄၅)နှစ်အထက် မကြီးစေရ၊ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်အထက်ရှိသူ၊
- ယန္တရားစက်ကြီး ထိန်းသိမ်းပြုပြင်ခြင်းနှင့် လုပ်ငန်းတာဝန်ချခြင်း ဦးဆောင်မှုပေးနိုင်သူ၊
- ယာဉ်/ယန္တရားမောင်းများကို စနစ်တကျတာဝန်ချထားနိုင်သူ၊

(၂) **စက်ပြင်တာဝန်ခံအဆင့်(၂) Mechanics II** ကျား(၃) ဦး
- အသက် (၄၀)နှစ်ထက်မကြီးစေရ၊ အနည်းဆုံး (၈)တန်းအောင်မြင်ပြီးသူ၊
- မော်တော်ယာဉ်ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်း အတွေ့အကြုံအနည်းဆုံး (၈)နှစ်ရှိသူဖြစ်ရမည်၊
- စက်မောင်းနာရီ ယာဉ်မောင်းမိုင်နှုန်း သတ်မှတ်ချက်များအတိုင်း ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းနှင့် အရေးပေါ် ထိန်းသိမ်းပြုပြင်ခြင်းများကို ကျွမ်းကျင်စွာ ဦးဆောင်လုပ်ဆောင်နိုင်သူ၊

(၃) **စက်ပြင်တာဝန်ခံအဆင့်(၃) Mechanics III** ကျား (၃) ဦး
- အသက် (၄၀)နှစ်ထက်မကြီးစေရ၊ အနိမ့်ဆုံး (၈)တန်းအောင်မြင်ပြီးသူ
- ယန္တရား၊ အင်ဂျင်နှင့် မော်တော်ယာဉ် သာမန်ထိန်းသိမ်းပြုပြင်ခြင်း ဆောင်ရွက်နိုင်သူ
- လုပ်ငန်းအတွေ့အကြုံ (၃)နှစ် အထက်ရှိသူ

(၄) **စက်ပြင်ကျွမ်းကျင် (စက်မှု) (Techanician)** ကျား (၅)ဦး
- အသက် (၂၀)မှ (၃၅)နှစ်အတွင်း ကျွမ်းကျင်မှုပြည့်ဝပြီး အတွေ့အကြုံရင့်ကျက်သူ၊
- ဒီဇယ်၊ ဓာတ်ဆီ၊ အင်ဂျင်နှင့် စက်မှုပိုင်းဆိုင်ရာပစ္စည်းများ ကျွမ်းကျင်စွာပြုပြင်နိုင်သူ၊

(၅) **စက်ပြင်ကျွမ်းကျင်(လျှပ်စစ်) (Techanician)** ကျား (၃) ဦး
- အသက် (၂၀)မှ (၃၅)နှစ်အတွင်း ကျွမ်းကျင်မှုပြည့်ဝပြီး အတွေ့အကြုံရင့်ကျက်သူ၊
- စက်ပစ္စည်းများနှင့် ဆက်နွယ်သော လျှပ်စစ်လုပ်ငန်းများကျွမ်းကျင်စွာ ထိန်းသိမ်းပြုပြင်နိုင်သူ၊

(၆) **ယန္တရားမောင်း H.E.O** ကျား (၁၀)ဦး
- အသက် (၄၅)နှစ်ထက် မကြီးစေရ၊ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ထက်ရှိရမည်။
- Excavator, Buldozer, Grader, Road Roller များ ကျွမ်းကျင်စွာ မောင်းနိုင်သူ
- ယန္တရား၏ နေ့စဉ်၊ အပတ်စဉ် စစ်ဆေးဆောင်ရွက်ခြင်း၊ လက်ရှိအခြေအနေအား စက်ပြင်တာဝန်ခံထံ အချိန်မဆိုင်းဘဲ တင်ပြ၍ ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(၇) **ယာဉ်ကြီးမောင်း H.V.D** ကျား (၃၀) ဦး
- အသက် (၄၀)နှစ်ထက်မကြီးစေရ၊ ယာဉ်မောင်း (င) လိုင်စင်ရှိရမည်။
- ကျွမ်းကျင်ယာဉ်မောင်းသက်တမ်း (၅)နှစ်အထက်ရှိသူ ယာဉ်ကြီးကျွမ်းကျင်သူ၊
- မော်တော်ယာဉ်နေ့စဉ်၊ အပတ်စဉ်စစ်ဆေးဆောင်ရွက်ခြင်း လက်ရှိအခြေအနေအား စက်ပြင်တာဝန်ခံထံ အချိန်မဆိုင်းဘဲ တင်ပြ၍ ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(၈) **ကားလေးယာဉ်မောင်း L.V.D** ကျား (၅) ဦး
- အသက် (၃၅)နှစ်ထက် မကြီးစေရ၊ ယာဉ်မောင်း(ခ) လိုင်စင်ရှိရမည်။
- နယ်၊ ရန်ကုန်ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ၊
- ယာဉ်မောင်းသက်တမ်း (၅)နှစ်အထက် ရုပ်ရည်သန့်ပြန့်၍ ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံနိုင်သူ

စံချိန်မီဝန်ထမ်းကောင်းများရရှိနိုင်ရေးဦးတည်ချက်

သတ်မှတ်အရည်အချင်းပြည့်မီ၍ လုပ်ငန်းခွင်အတွေ့အကြုံ၊ လုပ်သက်စံနှုန်းများနှင့် ကိုက်ညီသူများသာလျှင် ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း အမှုဆောင်ဒါရိုက်တာ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ခန့်ထားရေးကော်မတီ၊ မင်းအနော်ရထာအုပ်စုကုမ္ပဏီလီမိတက်၊ အမှတ် (၁၃၈)၊ ရိပ်သာလမ်းသွယ် (၂)လမ်း၊ ဝေဇယန္တာ၁ဥယျာဉ်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၆၁၉၀၂၊ ၅၇၈၅၂၂ သို့လိပ်မူ၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ပူးတွဲတင်ပြရန် အထောက်အထားစာရွက်စာတမ်းများ

ကိုယ်ရေးရာဇဝင်အကျဉ်း C.V အား လုပ်ငန်းအတွေ့အကြုံများကို ကာလအပိုင်းအခြားအလိုက် လုပ်ငန်းဌာနများနှင့် ယှဉ်တွဲလျက် ပြည့်စုံစွာဖော်ပြရန်၊ ရောင်စုံလိုင်စင်ဓာတ်ပုံ(၄)ပုံ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ ပြစ်မှုနှင့် နိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်မူရင်း၊ ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံ ဆောင်ရွက်ချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများမှ ထောက်ခံစာ စာရွက်အထောက်အထားမိတ္တူ၊ လျှောက်ထားသည့် ရာထူးအဆင့်၊ မျှော်မှန်းလစာ၊ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်နှင့် လိပ်စာအပြည့်အစုံ။

မှတ်ချက်။ ။ အထက်ဖော်ပြပါအချက်အလက် စာရွက်စာတမ်းများအား ပြည့်စုံမှန်ကန်စွာ တင်ပြလျှောက်ထားသူများ၏ အလုပ်လျှောက်လွှာများကိုသာ လက်ခံရယူမည်ဖြစ်ပါသည်။

လုပ်ငန်းနေရာနှင့် လစာခံစားရပိုင်ခွင့်များ

ရန်ကုန်မြို့နှင့် နယ်ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူများဖြစ်ပြီး ရန်ကုန်တွင် အခြေခံလစာ၊ စားစရိတ်နှုန်းထား၊ ခရီးစရိတ်သတ်မှတ်များ အရည်အချင်းအပေါ်မူတည်၍ ထိုက်တန်စွာခံစားရရှိစေမည်ဖြစ်သည်။ နယ်ဆိုဒ်များတွင် တာဝန်ထမ်းဆောင်သူများအား အခြေခံလစာ၊ ဆိုဒ်ခံစားခွင့်နှင့် ခရီးစရိတ်များ ခံစားရရှိစေမည်ဖြစ်ပြီး စားသောက်ရေးနှင့် နေထိုင်ရေးကို ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပေးမည်။ အစမ်းခန့်ကာလ(၃)လပြည့်၍ လုပ်ငန်းစွမ်းဆောင်ချက်နှင့် အရည်အချင်း ပြည့်ဝပြီး စည်းကမ်း၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာလျှင် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်မည်။ အမြဲတမ်းဝန်ထမ်းများအား မွေးနေ့လက်ဆောင်ပေးခြင်း၊ သာရေး၊ နာရေးထောက်ပံ့ကူညီငွေများ ပေးအပ်ခြင်း၊ လုပ်ငန်းဌာန၏ စွမ်းဆောင်အောင်မြင်မှုအပေါ်မူတည်၍ ဆုကြေးငွေပေးအပ်ခြင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ နှစ်ချုပ်အကျိုးအမြတ်ပေါ်မူတည်၍ နှစ်သစ်အထူးဆုကြေးပေးအပ်ခြင်း၊ ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်၍ ရှယ်ယာထည့်ဝင်ငွေများ အချိုးအစား အလိုက်ထည့်ဝင်ခွင့်ပေးပြီး အကျိုးအမြတ်ရရှိစေခြင်း အစရှိသည့် ခံစားရပိုင်ခွင့်များ ရရှိစေမည်ဖြစ်ပါသည်။

မွေးနေ့ဆုတောင်း

သားသားထင်အောင်လူ ၁၃–၈–၂၀၀၄မှာ ကျရောက်ခဲ့သော (၈)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်းများစွာကို ရယူပိုင်ဆိုင်နိုင်ပါစေ။

ဖေဖေ–ဦးကျော်မင်းထွန်း
မေမေ–ဒေါ်ဥမ္မာအေးသစ်
မမကြီးများ–ခင်–လေး–ဆွေ။

Aug 23/24 ...
Ph: 371317
Ph: 725001

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ရာဇာဓိရာဇ်အိမ်ရာ
တိုက်အမှတ် (၂၆၁)၊ အခန်းအမှတ် (၀၀၁)နေ
ဦးထွန်းလှိုင်–ဒေါ်လှလှစိန်တို့၏သားကြီး

မောင်အေးကျော်သူ
(Managing Director)
ZA BU KYAW Co.,Ltd.

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်
မေလိခလမ်း၊ အမှတ်၁၁(က–၁)နေ
ဦးထူးအောင်ကြီး–ဒေါ်ပြုံးပြုံးထွေး (Director) (MEDICA PHARMA-CEUTICAL Co.,Ltd.)တို့၏ သမီးငယ်

မဇင်ပြုံးထူး

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူညီ ခွင့်ပြုချက်အရ ၂၅–၇–၂၀၀၄ရက်တွင် Traders Hotel ၌ နှစ်ဖက်သော မိဘဆွေမျိုးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အေးကျော်သူ–မဇင်ပြုံးထူး။

ဂျာနယ်

No. 6, 8, 10, 12 (5 mm∅, 4 mm∅, 3.25 mm∅, 2.5 mm∅)

ဆက်သွယ်ရန် – မြန်မာ့စက်မှုလုပ်ငန်း (အမှတ်–၆ ဘီ ကမ္ဘာအေးဘုရားလမ်း ရန်ကုန်)
☎ E-mail Address: mfwmin@myanmar.com.mm

(LCCI)

ဝန်ထမ်းအလိုရှိသည်

A.G.T.I (Civil) (သို့) B.E (Civil)
B.E (Mech:)
A.G.T.I (Mech:)
A.G.T.I (Mech:)
၅။ Dozer Operator
၆။ Loader Operator
၇။ Crane Operator

အမှတ် (၂၆၂–၂၆၄) Dagon Centre, Block (A) ...

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ချိပ်ပိတ်တင်ဒါ (Sealed Tender)ခေါ်ယူခြင်း

၁။ ဤဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များ၏ ယာဉ်မှတ် ပုံတင်စာအုပ်၊ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာဉ်မောင်းလိုင်စင်များတွင် အသုံးပြုရန် လိုအပ်သည့် (Hologram Sticker) များအား အောက်ဖော်ပြပါအရေအတွက်အတိုင်း ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်–

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ယာဉ်မောင်းလိုင်စင်(ဟိုလိုဂရမ်)ဒေါင်လိုက်	၃၀၀၀၀၀(သုံးသိန်း)
(ခ)	ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် (ဟိုလိုဂရမ်)အဝိုင်း	၄၀၀၀၀၀(လေးသိန်း)
(ဂ)	ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) (ဟိုလိုဂရမ်)လေးထောင့်	၇၀၀၀၀၀(ခုနစ်သိန်း)

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် –၃၁–၈–၂၀၀၄(အင်္ဂါနေ့) ၁၆း၀၀နာရီ
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်– ၉–၉–၂၀၀၄(ကြာသပတေးနေ့)၁၄း၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၈–၈–၂၀၀၄နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စီမံရေးရာဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၇၃၁၀၇၊ ၅၇၀၉၃၅။

ဝန်ထမ်းအလိုရှိသည်

– B.E. (Mechanical) အသက် (၃၅– ၅၀) နှစ်
–A.G.T.I.(Electrical)
–A.G.T.I.(Mechanical)
–I.T.C/T.H.S.

United Can Factory Co., Ltd.

နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်

"ရွှေနန်းတော်ရဲ့တေးလက်ဆောင်" အစီအစဉ်

Live Show
VCD

Golden Palace Diamond Card

E-mail: snt@myanmar.com.mm Website: www.goldenpalacejewellery.com

MCC

Course Content
- Computer Technology
- Introduction to Internet
- Logic Building
- Visual Basic Programming
- Microsoft Office Application
  - MicroSoft Word XP
  - Microsoft Excel XP
  - Microsoft Power Point XP

Course Content
- Windows XP
- Microsoft Word XP
- Microsoft Excel XP
- Microsoft Powerpoint XP
- Adobe PageMaker 7.0
- Using Internet & E-mail

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူး၍

အောက်ပါသင်တန်းများဖွင့်လှစ်မည်။

စဉ်	သင်တန်းများအမည်	ဖွင့်လှစ်မည့်ရက်
၁။	Multimedia System Development Course	(28.8.2004)
၂။	GIS Certificate Course	(1.9.2004)
၃။	MCSA FE Exam Orientation Course	(18.9.2004)

MICT Park။

မိုးရာသီအထူးဈေးရောင်းပွဲ

Mistine
Special Discount
TOP Country

Thiri Cosmetic Co.,Ltd မှ "Mistine Top Country"

➢ (5-8-2004) TO (4-9-2004) Asia Light (La Pyayt Wun Plaza)
➢ (11-8-2004) TO (9-9-2004) Super One (Shwe Bon Tha)

ကုမ္ပဏီရုံးခွဲသစ်ဖွင့်လှစ်ခြင်း

Thiri Cosmetic Co.,Ltd ၏ "Mistine Top Country"

Ph : 02-34840

ဆိုင်ဖွင့်ပွဲ ၃ နှစ်ပြည့်အထူး

30% Off

အရှေ့တိုင်းမျက်မှန်

383884

AMBUR ELECTRONIC ၏ (၅)နှစ်ပြည့် အထူးဈေးရောင်းပွဲ (၁–၈–၂၀၀၄ မှ ၃၁–၈–၂၀၀၄ ထိ)

Tamwe Electronic Mart

Aircon, DVD, VCD နှင့်

- 450 L, 2-Door FRIDGE
- 21" T.V + VCD
- MICROWAVE
- VACUUM CLEANER
- SOYA MILK MAKER

Traders Hotel

AMBUR ELECTRONIC ၏ အိမ်သုံးလျှပ်စစ်ပစ္စည်း ဈေးရောင်းပွဲ

(၁၄–၈–၂၀၀၄) (စနေနေ့) နှင့် (၁၅–၈–၂၀၀၄) (တနင်္ဂနွေနေ့)

JUNCTION 8 SHOPPING CENTRE

AMBUR ELECTRONIC ၏ (၅) နှစ်ပြည့် အထူးအစီအစဉ်အတိုင်း စံဈေးနှုန်းများ ရရှိပါမည်။

အမြန်ဝယ်လိုသည်

ရန်ကုန်မြို့နယ်တွင်းရှိ မြေကွက်၊ လုံးချင်းအိမ်တစ်လုံး ဝယ်လိုသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း–၂၂၈၅၄၀။

ဂိုဒေါင်ငှားမည်

၁၄၀ x ၅၀၊ သုဝဏ္ဏပန်းခြံအနီး။

ဆက်သွယ်ရန်

ဖုန်း–၂၂၆၅၁၁

(ပွဲစားမလို)။

ရောင်းမည်

ကန်တော်လေး၊ (၉၃)လမ်း၊ မြေညီထပ်၊ 15'x50'၊ အသင့်ပြင်ဆင်ပြီး၊ ညှိနှိုင်းဈေး။

ဖုန်း–၃၈၃၈၂၂၊ ၀၉၈၀၃၄၁၅၉။

Success Copier Group Ltd.

Success Copier Group Ltd.

အမည်ပြောင်းခြင်း

ဦးကျော်မြင့်စိန်–ဒေါ်လှလှအေး၏သမီး မခင်မိုမိုအောင်(ခ)မကေသီမြင့်အောင်အား မသော်သော်ဇင်ဟုလည်းကောင်း၊ အထက(၁)မရမ်းကုန်း ဒသမတန်း(D)မှ မဇင်မိုမိုအောင်အား မဆုမြတ်မင်းဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ်– ၁၉၈၉၁၂ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဦးစိုးထွန်း တပ်ဦးကျေးရွာ၊ ပါမဲကျေးရွာအုပ်စု၊ ရပ်စောက်မြို့နယ်။

ဖုန်း–၀၈၁–၄၀၁၅၆။

အမည်ပြောင်းခြင်း

ဦးလှတိုးဝင်း၏ သမီးဖြစ်သူ အထက(၅)ဗိုလ်တထောင် ပဉ္စမတန်း(D)မှမအိကလျာခိုင်အား မအင်ကြင်းအိမ်ဟု ပြောင်းလဲခေါ်ပါရန်။

မအင်ကြင်းအိမ်။

ရောင်းရန်ကြော်ငြာစာ

တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၀၂ခုနှစ် တရားမဇာရီမှုအမှတ်–၈၅

၁။ မခင်သီတာမော် နှင့် **မခင်မာထွေး**

၂။ မသိဂီမော်

(၎င်းတို့အထွေထွေကိုယ်စားလှယ်စာရသူ ဦးလှမော်)

(တရားနိုင်) **(တရားရှုံး)**

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်က ၁၉၉၈ခုနှစ် တရားမကြီးမှုအမှတ်–၃၂၆တွင် ရရှိခဲ့သော ဒီကရီအရ ကွယ်လွန်သူ ဒေါ်သန်းပိုင် အောက်ဖော်ပြပါပစ္စည်းကို ၂၀၀၄ခုနှစ် စက်တင်ဘာလ(၆)ရက်နေ့(၁၀:၀၀)နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိကတရားဝင်လွှဲအပ်ထားသောကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)၊မြေကွက်အမှတ်(၉၄၄)၊ကွမ်းခြံမြောက်ပိုင်း(၄)လမ်း၊ ပေ၂၅ x ၅၀ ပေ အကျယ်အဝန်း မြေကွက်၏ထက်ဝက်ဖြစ်သော ၁၂ ၁/၂'x ပေ၅၀'မြေကွက်ပေါ်ရှိ အလျားပေ၄၀၊ အနံ၁၀ပေ၊ ပျဉ်ထောင်သွပ်မိုး၊ ပျဉ်ကာ(၂)ထပ်အိမ်(မြေမပါ)။

အထက်ဖော်ပြပါနေအိမ်၏ကြမ်းခင်းဈေးမှာ ကျပ်(၃၀၀၀၀၀)ဖြစ်ပါသည်။

အသေးစိတ်အား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးဘီလစ်ထံတွင် စုံစမ်းနိုင်ပါသည်။

၂၀၀၄ခုနှစ် ဩဂုတ်လ(၉)ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ပေါ်ခိုင်သန်း

B.Sc (Chem); M.Sc(F);H.G.P;R.L

ဒုတိယခရိုင်တရားသူကြီး(၅)

အနောက်ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်တိုင်း။

ဝန်ထမ်းအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

Dragon Regal Service Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများ အမြန်အလိုရှိသည်။

၁။ မန်နေဂျာ ကျား/မ (၂) ဦး

၂။ ရုံးဝန်ထမ်း ကျား/မ (၄) ဦး

- အမှတ်စဉ် ၁အတွက် အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်သူကို ဦးစားပေးမည်။ ပညာအရည်အချင်း အသက်ကန့်သတ်ချက် လုံးဝမရှိပါ။
- အမှတ်စဉ် ၂အတွက် တရုတ်၊ အိန္ဒိယ (တမီလ်)ဘာသာစကား ပြောနိုင်သူကို ဦးစားပေးမည်။ ပညာအရည်အချင်း၊ အသက်ကန့်သတ်ချက်လုံးဝမရှိပါ။

အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံတစ်ပုံ၊ CVနှင့် ကိုယ်တိုင်ရေးလျှောက်လွှာဖြင့် တစ်ပတ်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

Dragon Regal Co.,Ltd

အမှတ်(၀၄–၀၅)၊ ၁၂–လွှာ၊ ဗိုလ်တထောင်တာဝါ၊မဟာဗန္ဓုလလမ်းနှင့်ဗိုလ်မြတ်ထွန်းလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း–၂၀၂၇၉၂၊ ၂၀၂၈၄၁)

JOB OPPORTUNITY

(For Local Service Only/Salary in Kyat)

Well-established Medical Equipment company is seeking for candidate for the following Position.

1. **Medical Representative (M.B.,B.S) (Male/Female) 1 Post**

- Able to travel within the country and overseas with experience are preferable.
- Under 35 years old.
- Can speak & with English fluently.
- Please summit your CV with recent passport size photo and a copy of labour registration card to **Sphere Company Limited, No.12, $6\frac{1}{2}$ Mile, Pyay Road, Hlaing Tsp, Yangon.** Ph:524319, 535385.

(Within one week of this advertisement)

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ညွန့်၏သားဖြစ်သူ မောင်စိုးညွန့်အောင်သည် မိမိသဘောဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ **ဒေါ်ညွန့်**

[၁၂/ဥကမ(နိုင်)၀၀၀၇၃၄]။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

- **စာရင်းကိုင်** မ (၃) ဦး
- **Waiter** ကျား (၁၀) ဦး

(တရုတ်စကားပြောကျွမ်းကျင်သူ)

ဆက်သွယ်ရန်–

အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

ကြွေလုံဟင်းစားသောက်ဆိုင်

အမှတ်(၅၇၀)၊ ကမ်းနားလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၂၁၆၈၃၊ ၂၂၁၉၇၇။

အမွေဆက်ခံရန် သက်သေခံလက်မှတ် ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ–၃၇၃)

ရန်ကုန်တိုင်း တရားရုံး

၂၀၀၄ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်–၁၃၆

ကွယ်လွန်သူ ဒေါ်ခင်ဖုန်း(ခ)ဒေါ်ခင်မုံ၌ ကျန်ရှိသောပစ္စည်းအကြောင်း

ဦးစိန်လှိုင် **လျှောက်ထားသူ**

အမှတ်–၄၀၃၊ တိုက်(၂)၊

သစ္စာဥယျာဉ်အိမ်ရာ၊

တောင်ဥက္ကလာပမြို့နယ်။

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာဥယျာဉ်အိမ်ရာ၊ တိုက်(၂)၊ အမှတ်–၄၀၃နေ ဦးစိန်လှိုင်က ကွယ်လွန်သူ ဒေါ်ခင်ဖုန်း(ခ)ဒေါ်ခင်မုံ၏ သားဖြစ်သည်ဟူ၍ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း အမှတ်(၃)နေ ၎င်းကွယ်လွန်သူ ဒေါ်ခင်ဖုန်း(ခ)ဒေါ်ခင်မုံမှ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ခင်ဖုန်း(ခ) ဒေါ်ခင်မုံမှ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ(၃)ရက်၊ ၁၃၆၆ခုနှစ်၊ ဝါခေါင် လပြည့်ကျော် (၄)ရက်နေ့ နံနက်(၁၀)နာရီတွင် လာရောက်ရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးစိန်လှိုင်၏ လျှောက်ထားချက်ကို နားကြား၍ လက်မှတ်ရသင့်/မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ(၉)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိုးသန့်

တွဲဖက်တိုင်းတရားသူကြီး(၄)

ရန်ကုန်တိုင်းတရားရုံး။

MIT MPEC
Web Application Development Level-2
- ASP
- Access 2000
- SQL
25 % Dis
Room1, Padonmar Stadium, Bargayar Road, Sanchaung T/S, Yangon.
505278,502801, 668779, 668259,539151

ဒေါ်ပါကီးအမွှား(ကွယ်လွန်)၏ အမွေဆက်ခံသူများ အားလုံးနှင့် အများသိစေရန်ကြေညာချက်

၄-၇-၂၀၀၄နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)တွင် အများသိစေရန်ကြေညာချက်နှင့်ပတ်သက်၍ အများသိရှိစေရန် သတိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ ပုဇွန်တောင်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀ဂျေ၊ မြေကွက်အမှတ်(၁-၂၈)၊ ပထမတန်းစား၊ အကျယ်အဝန်း (၁၃၇'X၅၁'.၆")မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် အမှတ်-၅၀၊ ၅၆ လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းရှိအိမ်သည် ဦးချူဖူကွေး(ကွယ်လွန်) (ဝမ်ကီးအလုပ်ရုံပိုင်ရှင်)၊ ဇနီး ကျွန်ုပ်ဒေါ်အဲအီတို့ပိုင်ဆိုင်သော မြေကွက်နှင့်အိမ်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်အိမ်တွင် ကျွန်ုပ်တို့သည် ၁၉၃၇ခုနှစ်မှ ယနေ့ထိ နေထိုင်လျက်ရှိပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့်အိမ်တို့ကို ဒေါ်ပါကီးအမွှား(ခ)ဒေါ်စိန်မဆိုသူမှ "ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေလိုမှုနှင့် လက်ရောက်ပေးအပ်ပြီး ဖယ်ရှားထွက်ခွာပေးစေလိုမှု" ကျွန်ုပ် ဦးချူဖူကွေး၊ ဒေါ်အဲအီတို့အပေါ် ပုဇွန်တောင်မြို့နယ်တရားရုံး၌ တရားမကြီးမှုအမှတ်-၃၄/၁၉၉၈ဖြင့် တရားစွဲခဲ့ရာ ရုံးတော်မှ ၆-၃-၂၀၀၀နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီအရ ဒေါ်ပါကီးအမွှားသည် မပိုင်ဆိုင်ကြောင်း၊ လက်လွတ်ဆုံးရှုံးသွားပြီဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ ထို့နောက် ဒေါ်ပါကီးအမွှားသည် ရန်ကုန်တိုင်းတရားရုံးသို့ တရားမအယူခံမှုအမှတ်-၁၇/၂၀၀၀ဖြင့် တက်ခဲ့ရာ ရုံးတော်မှ ၁၆-၁၁-၂၀၀၀နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီအရ အယူခံမှုကို ပလပ်ခဲ့ပါသည်။

ဒေါ်ပါကီးအမွှား(ကွယ်လွန်)၏ အမွေဆက်ခံသူများဟု အဆိုရှိသူများမှ အထက်ဖော်ပြပါ တရားရုံးတော်များ၏ စီရင်ဆုံးဖြတ်ချက်များကို မျက်ကွယ်ပြုပြီး သတင်းစာတွင် မမှန်မကန်ကြေညာခြင်းမျိုးကို မပြုလုပ်ရန် သတိပေးတားမြစ်ကန့်ကွက်ပါသည်။ ထို့အပြင် အထက်ဖော်ပြပါမြေကွက်နှင့် အိမ်ကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ချေးငှား၊ အမည်ပြောင်း၊ လှူဒါန်းခြင်းနှင့် အခြားနည်းတစ်ခုခုဖြင့် လွှဲပြောင်းပေးခြင်းတို့ကို မပြုလုပ်ရန် သတိပေးတားမြစ်ကန့်ကွက်ပါသည်။

ဒေါ်အဲအီ EP-၀၂၉၁၇၀
အမှတ်-၅၀၊ ၅၆လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

ဝမ်းနည်းကြေကွဲခြင်း

Mrs.Olive Pun (ခ)ဒေါ်အုန်းလှိုင်
အသက်(၉၂)နှစ်

SPA/FMI Group of Companies၏ Chairman Mr.Serge Pun (ခ)ဦးသိမ်းဝေ၏ ချစ်လှစွာသောမိခင်ကြီး Mrs.Olive Pun(ခ) ဒေါ်အုန်းလှိုင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Myanmar V-pile Co.,Ltd.မိသားစု
Myanmar Concrete Industries Co.,Ltd.မိသားစု။

ဒေါ်စန်းစန်းခိုင်နှင့်အပေါင်းအပါများနှင့်အများသိစေရန် ကြေညာချက်

၁။ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်(၄၇-ဘီ)ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် ၎င်းဥပစာအတွင်း၌ရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများဖြစ်သော လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်လုပ်ငန်းနှင့် ဆက်နွှယ်သော ကုန်ပစ္စည်းများ၊ အဆိုပါလျှပ်စစ်လုပ်ငန်းသုံးပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ကိုင်လည်ပတ်နိုင်သည့် ပစ္စည်းများ အားလုံးသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းမြင့် [၁၂/ပဘတ(နိုင်) ၀၁၃၄၄၄]မှ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ ကိုယ်တိုင်ဦးစီးလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းနှင့်ပစ္စည်းများဖြစ်ပါသည်။

၂။ သို့သော် ကျွန်ုပ်၏မိတ်ဆွေ တရားဝင်ပိုင်ဆိုင်လုပ်ကိုင်လျက်ရှိသော အဆိုပါလုပ်ငန်းကို ကျွန်ုပ်မိတ်ဆွေအား ဆက်လက်၍လုပ်ကိုင်ဆောင်ရွက်ဝင်၊ ထွက်ခွင့်မရနိုင်အောင် ဒေါ်စန်းစန်းခိုင်နှင့် အပေါင်းအပါများမှ ပြုလုပ် ဆောင်ရွက်ခဲ့ကြသဖြင့် အဆိုပါလုပ်ရပ်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆောင်ရွက်နေစဉ်အတွင်း ကျွန်ုပ်အမှုသည်ပိုင်ဆိုင်သော အထက်အပိုဒ်(၁)ပါ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကိုလည်းကောင်း၊ အဆိုပါ ဥပစာ၌ ရပ်နားထားသော လုပ်ငန်းသုံးမော်တော်ယာဉ်(၆)စီးအားလည်းကောင်း၊ ကျွန်ုပ်အမှုသည်၏တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုရန် သတိပေးတားမြစ်အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဦး (တရားရုံးချုပ်ရှေ့နေ)
လိုင်စင်အမှတ်-၆၇၀၂
ရုံးအမှတ်-၅၀၊ ပထမထပ်၊ အခန်း(အေ-၁)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အရောင်းကြော်ငြာစာ
တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၆၆
ရန်ကုန်တိုင်းတရားရုံး

ဇာရီမှုအမှတ်	တရားနိုင်		တရားရှုံး
၁၉၀/၀၄	ဒေါ်ထိပ်တင်ညွန့်	ပါ(၄)	မြားစက္ကူဝန်ဆောင်မှုကုမ္ပဏီလီမိတက်
၁၉၁/၀၄	ဦးသောင်းညွန့်	ပါ(၅) **နှင့်**	၎င်း
၁၉၂/၀၄	ဦးဌေးခိုင်	ပါ(၅)	၎င်း
၁၉၃/၀၄	ဦးထင်းဝိန်	ပါ(၈)	၎င်း

ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၈)ရုံး၏ အထက်ပါ တရားမဇာရီမှုများအတွက် ငွေဒီကရီကို အတည်ပြုဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ တရားရှုံးကုမ္ပဏီပိုင်ပစ္စည်းကို မျက်မြင်အခြေအနေအတိုင်း ၂၀၀၄ခုနှစ် စက်တင်ဘာလ(၂၄)ရက် နံနက်၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇၃)၊ မြေကွက်(၁)၊ အနံXအလျား(၁၄'၁၁မ၆"X၇၀')၊ ဧရိယာ(၀.၁၁မ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန် မြေနှင့် ၎င်းမြေပေါ်ရှိ ကမာရွတ်မြို့နယ်၊ ၄ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(SS/44)၊ ရွှေသရဖီရိပ်မွန်အိမ်ရာ၊ (၇)ထပ်တိုက် အဆောက်အအုံ၊ တိုက်လှေကားပါနှင့် အခွင့်အရေးအရပ်ရပ်အားလုံး၊ ကြမ်းခင်းဈေး ကျပ်သိန်း (၃၀၀၀)။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်မှ တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံး ပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။
၄။ လေလံကျန်ငွေများကို ပေးသွင်းရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းတရားရုံး ဘီလစ်ထဲတွင် စုံစမ်းနိုင်ပါသည်။

၂၀၀၄ခုနှစ် ဩဂုတ်လ(၁၁)ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

မြင့်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၈) ရန်ကုန်တိုင်းတရားရုံး။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရွှေမြင်သာယာဉ်မောင်းသင်တန်းတို့ ပူးပေါင်းဖွင့်လှစ်မည့် အမျိုးသမီးသီးသန့် အခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ် (၁/၂၀၀၄)သင်တန်းတက်ရောက်ခွင့်လျှောက်လွှာခေါ်ယူခြင်း-

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်- (၄-၉-၂၀၀၄)
သင်တန်းဖွင့်လှစ်မည့်နေရာ - ရွာသာကြီး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနရုံး၊ အမှတ်(၂) လမ်းမကြီးတွင်ဖွင့်လှစ်ပါမည်။
သင်တန်းအချိန် - နံနက်၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ(စနေ၊ တနင်္ဂနွေ)
သင်တန်းကာလ - (၂)လ
လက်ခံမည့်သင်တန်းသူဦးရေ- (၅၀)ဦး၊ (အသက်၁၈နှစ် ပြည့်ပြီးသူများသာ ဖြစ်ရမည်။)
လျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၄-၈-၂၀၀၄
ဆက်သွယ်စာရင်းပေးရန်လိပ်စာ- သီတာခတ်ပုံဆိုင်၊ အခန်း(၅)၊ တိုက်(၁)၊ အင်းစိန်လမ်းမကြီး၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို တစ်စောင်လျှင်(၁၀၀)ကျပ်နှုန်းဖြင့် အထက်ပါလိပ်စာအတိုင်း(၃၁-၈-၂၀၀၄)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

အတွင်းရေးမှူး
စီးပွားရေးလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်။

ဝမ်းနည်းကြေကွဲခြင်း

Mrs.Vivian Lim(ဦးစိန်ထွန်း)၏ ချစ်လှစွာသောမိခင်ကြီးMrs.Olive Pun(ခ)ဒေါ်အုန်းလှိုင် အသက်(၉၂)နှစ်သည် ၆-၈-၂၀၀၄နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဝင်းနိုင် (ပြင်ဦးလွင်)
အေးရိပ်မွန်၊ အေးရိပ်သာ၊ ညော့်ရိပ်သာ၊
ကော့သောင်းမြို့။

ဒေါ်ယုလေးနွယ်[၁၂/မဂတ(နိုင်)၀၄၇၀၃၆]နှင့် အများသိစေရန်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပိန္နဲကုန်းလမ်း၊ အမှတ်(၅)နေ ဦးတင်ဝင်း[၁၂/မဂတ(နိုင်)၀၄၆၀၃၃]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ (၉၃)လမ်း၊ (၅)လွှာ၊ ခေါင်းရင်းခန်း၊ အမှတ်(၁၀၄)တိုက်ခန်းနှင့်တောင်ဒဂုံမြို့နယ်၊ ဒီဇင်ဘာအိမ်ရာ၊ အထပ်(အေ)၊ တိုက်နံပါတ်(၁၁)၊ အခန်းအမှတ်(အေ-၃)တိုက်ခန်းများသည် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဝင်း၏ ကိုယ်ပိုင်ငွေများဖြင့် ဝယ်ယူခဲ့သော တိုက်ခန်းများဖြစ်ပါသည်။ ၎င်းနိုင်ငံရပ်ခြားရောက်ရှိနေ၍ ဇနီးဖြစ်သူ ဒေါ်ယုလေးနွယ်၏ အမည်ငှားစနစ်ဖြင့် ဝယ်ယူခဲ့ခြင်းသာလျှင် ဖြစ်ပါသည်။

ယခုအခါ ကန်အရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ၉၃လမ်း၊ အမှတ်(၁၀၄) တိုက်ခန်းအား တရားရုံးတော်၏ အဆုံးအဖြတ်ကို ခံယူပြီးသည့်အချိန်အထိ မည်သူမျှ ဝင်ရောက်နေထိုင်ခြင်းမပြုကြရန် နှစ်ဦးနှစ်ဖက် သော့များခတ်၍ ထိန်းသိမ်းထားခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်ဝင်း၏ ခွင့်ပြုချက်မရှိဘဲ အဆိုပါတိုက်ခန်းများတွင် ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်းများ မပြုကြရန် တားမြစ်ကြေညာလိုက်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးတင်ဝင်းအောင်
တရားရုံးချုပ်ရှေ့နေ၊ စဉ်-၁၅၈၃
BA.(Law).LL.B,D.B.L,D.M.L,D.A.P
အမှတ်(၂၅)၊ လမ်း(၁၃၀)၊ ရန်ကုန်မြို့။

FAME IMMUNOPLEX®

EXPRESS Ph: 292268

ဝမ်းနည်းကြေကွဲခြင်း

SPA/FMI Group of Companies ၏ ဥက္ကဋ္ဌ Mr. Serge Pun (ခ) ဦးသိမ်းဝေ၊ CEO-Mr. Martin Pun နှင့် Mrs. Patricia Pun၊ Mrs. Vivian Lim၊ Mrs. Suzanne Pun-ဦးဇော်မင်းသွင်တို့၏ ချစ်လှစွာသောမိခင်ကြီး Mrs.Olive Pun (ခ) ဒေါ်အုန်းလှိုင် အသက်(၉၂)နှစ် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Peace Co.,Ltd.

စက်ရုံငှားမည်

တောင်ဒဂုံဇုန်(၂)၊50' x 60'
၁ ဒုံထပ် စက်ရုံသစ် + ၄၄၀ပါဝါ
ဖုန်း-၂၂၁၁၈၄၊ ၂၁၁၆၄၂။

အမည်ပြောင်းခြင်း

အဘ ဦးရဲဌေး၏သား အထက (၅)မြောက်ဥက္ကလာ X Eမှ မောင်သန်းရဲကျော်အား မောင်သန်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်းခြင်း

ဦးထက်အာကာလွင်-ဒေါ်မေနှင်းဝေတို့၏သားဖြစ်သူ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ သူငယ်တန်း(ပ)မှ မောင်ဇွဲထွဋ်အား မောင်စွမ်းထက်ဝေလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်စွမ်းထက်ဝေလွင်။

ငြိမ်းချမ်းရေး
TV,VIDEO,VCD

အိမ်အရောက်ပြုပြင်ပေးသည်။
NO-41၊ သမ္မာဒိဋ္ဌိလမ်း၊
ကျောက်မြောင်း၊ဖုန်း-၅၄၈၁၉၇။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၀၊ မြေကွက်အမှတ် ၁၈ ဘီ၏တစ်စိတ်တစ်ဒေသ ဧရိယာ ၀.၁၁မ၀၇၅ ဧကရှိ (အစိုးရမြေ)၊ အမှတ်၆၊ ၄လမ်းအနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သော မြေကွက်ကို ဒေါ်ခင်မမ၊ ဦးခင်မောင်သွင်၊ ဒေါ်မာလာခင်တို့အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀) မြေငှားစာချုပ်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ (နှစ်ပတ်အတွင်း)ဤဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

ဒေါ်သန်းရင်
အသက်(၈၂)နှစ်
(မော်လမြိုင်ကျွန်းမြို့)

မော်လမြိုင်ကျွန်းမြို့နေ (ဦးမောင်ဆိုင်၊ ဒေါ်အုံးသင်)တို့၏သမီး၊ (ဦးသိန်းအောင်)၊ ဒေါ်မြ၊ ဒေါ်သီတို့၏ညီမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ၁၅၁လမ်း၊ အမှတ်(၂၁)နေ ဦးလှဖေ-ဒေါ်ပိုက်ပိုက်၊ (ဦးကျော်စိန်-ဒေါ်ရီ)တို့၏အစ်မသည် ၁၁-၈-၂၀၀၄ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူဆန္ဒအရ ၁၂-၈-၂၀၀၄ရက် ကြာသပတေးနေ့ နံနက် ၉း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၀၄ အင်္ဂါနေ့ နံနက် ၇နာရီမှ ၉နာရီအထိ ဆွမ်းသွတ်တရားနာမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ဒဂုံတက္ကသိုလ်
(၁၂)ကြိမ်မြောက်နှင့် (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဒဂုံတက္ကသိုလ်မှ ၂၀၀၄ ခုနှစ်၊ မတ်လနှင့်မေလတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့၊ အင်္ဂလိပ်စာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့(စနစ်ဟောင်း)(၁၉၉၅)၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့(စနစ်သစ်)(၁၉၉၆)၊ ဥပဒေဘွဲ့ (စနစ်ဟောင်း)(၁၉၉၅)၊ ဥပဒေဘွဲ့ (စနစ်သစ်) (၁၉၉၆)၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ (စနစ်သစ်) (၁၉၉၈)၊ ဝိဇ္ဇာ/သိပ္ပံ(စနစ်သစ်) (၁၉၉၉)စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာ ပုံစံများကို ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၆ရက်နေ့မှ ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ ၁၇ရက်နေ့အထိ လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်ပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

၂။ ၂၀၀၄ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ အင်္ဂလိပ်စာ သင်ကြားရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့(စနစ်ဟောင်း)(၁၉၉၅)၊ ဝိဇ္ဇာ/ သိပ္ပံဂုဏ်ထူးဘွဲ့ (စနစ်သစ်)(၁၉၉၆)၊ ဥပဒေဘွဲ့(စနစ်ဟောင်း)(၁၉၉၅)၊ ဥပဒေဘွဲ့(စနစ်သစ်) (၁၉၉၆)၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ (စနစ်သစ်) (၁၉၉၈)ဘွဲ့များကို (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင်လည်းကောင်း၊ မေလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံဘွဲ့ (စနစ်သစ်) (၁၉၉၉)ဘွဲ့ကို (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် လည်းကောင်း ကျင်းပမည်ဖြစ်ပါသည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ရယူလျက် မကြာသေးမီက ရိုက်ကူးထားသော ၂X ၁½ လက်မအရွယ်ဓာတ်ပုံနှစ်ပုံစီ ပူးတွဲလျှောက်ထားရမည်။ (နိုင်ငံသား စိစစ်ရေးကတ် ယူဆောင်လာရန်)

၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော် ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

၅။ ဘွဲ့နှင်းသဘင် ပုံစံတင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/– (ကျပ်တစ်ထောင့်ငါးရာတိတိ) ပေးသွင်းကြရပါမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/– (ကျပ်တစ်ထောင်တိတိ) ပေးသွင်းကြရပါမည်။ နယ်မှ လျှောက်ထားသူများသည် သတ်မှတ်ကြေးများကို ဒဂုံတက္ကသိုလ်ငွေလက်ခံဌာနသို့စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့၍အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီးလျှောက်လွှာရှင် အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာတွဲစသည့်တို့ကို တိကျစွာ ဖော်ပြရပါမည်။

၆။ ဘွဲ့နှင်းသဘင်ကျင်းပမည့် နေ့ရက်၊ အချိန်နှင့် အစမ်းလေ့ကျင့်မည့် နေ့ရက်နှင့် အချိန်တို့ကို ထပ်မံကြေညာပါမည်။

လှမြင့်
မော်ကွန်းထိန်း
ဒဂုံတက္ကသိုလ်။

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက် မြေရပ်ကွက်၊ ပန်းလှိုင်လမ်း၊ အမှတ်(၉)နေ မြေရှင် ဒေါ်ခင်သန်းဝင်း၊ ဒေါ်ခင်မြဝင်း၊ ဒေါ်ခင်ဌေးဝင်း၊ ဦးအောင်သန်းဝင်း၊ ဦးလှထွန်းဝင်းနှင့် ဒေါ်မြစန္ဒာဝင်းတို့ သိစေရန် ပြန်လည်ဖြေရှင်းသတိပေးကြေညာချက်

ကန်ထရိုက်တာ ဦးစိုးမြင့်ဦး (စိုးရှိုင်းဆောက်လုပ်ရေး)နှင့် မြေရှင်ဒေါ်ခင်သန်းဝင်းပါ(၆)ဦးတို့သည် (၁၇–၁၂–၂၀၀၂)နေ့စွဲပါ အဆောက်အအုံသစ်ဆောက်လုပ်ရန် သဘောတူကတိစာချုပ် ချုပ်ဆိုရာတွင် မြေရှင်များအား ကန်ထရိုက်တာ ဦးစိုးမြင့်ဦးမှ စရန်ငွေကျပ်(၅)သိန်းပေးထားပြီး အိမ်ငှားတစ်ဦးအား ပြောင်းရွှေ့ဖယ်ရှားရန် ပေးထားငွေကျပ်(၆)သိန်း ပေးချေကုန်ကျထားပြီး ဖြစ်ပါသည်။ စာချုပ်အပိုဒ် (၃)အရ မြေနှင့်ပတ်သက်သော အရှုပ်အရှင်းကို မြေရှင်များက ဖြေရှင်းပေးရမည် ဖြစ်သော်လည်း အဆောက်အအုံသစ် ဆောက်လုပ်မည့် မြေအတွက် မြို့ရွာနှင့် အိုးအိမ်ဦးစီးမှ အနှစ်(၉၀) မြေငှားစာချုပ်အား ပယ်ဖျက်ထားခြင်းကို ယနေ့တိုင် မြေရှင်များက တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးရန်ပျက်ကွက်လျက်ရှိသဖြင့် ကန်ထရိုက်အနေဖြင့် အဆောက်အအုံသစ်ဆောက်လုပ်ရန် ဆက်လက်မဆောင်ရွက်နိုင်ခြင်းမှာ မြေရှင်များ၏ ပဋိညာဉ်ဖောက်ဖျက်မှုသာဖြစ်ပါသည်။ (၁၇–၁၂–၂၀၀၂) နေ့စွဲပါ သဘောတူစာချုပ်ကိုလည်း မည်သည့်အကြောင်းကြောင့်ဖြင့် တစ်ဖက်သတ် ဖျက်သိမ်းခွင့်မရှိဟု စည်းကမ်းသတ်မှတ်ထားပါလျက် မြေရှင်များက စာချုပ်ပျက်ပြယ်သွားကြောင်း ဖော်ပြခြင်းမှာပဋိညာဉ်အရ သတ်မှတ်ထားသော စည်းကမ်းချက်နှင့် ကိုက်ညီမှုလည်း လုံးဝမရှိပါ။ ထို့ပြင်(၁၅–၆–၂၀၀၄)နေ့ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း စက်မြေရပ်ကွက် ရ–ယ–က ရုံးတွင် ညှိနှိုင်းစဉ်ကလည်း အိမ်ငှားကိစ္စပြီးမှသာလျှင် ဆောက်လုပ်ရေးကိစ္စ ဆောက်လုပ်နိုင်မည်ဟု ညှိနှိုင်းထားပါလျက် မြေရှင်များသည် မိမိတို့၏ ပျက်ကွက်မှု၊ ပဋိညာဉ်ဖောက်ဖျက်မှုများကို မျက်ကွယ်ပြု၍ ကန်ထရိုက်တာ ဦးစိုးမြင့်ဦး၏ဂုဏ်သိက္ခာကျဆင်းစေရန် မမှန်မကန်ကြေညာခြင်းမှာ တရားမဝင်ဘဲ ယင်းသို့ မမှန်မကန်ကြေညာခြင်းအတွက် မြေရှင်များကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း အများသိစေရန် ပြန်လည်ဖြေရှင်း သတိပေးကြေညာအပ်ပါသည်။

ဦးစိုးမြင့်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးချစ်လွင် (ADVOCATE)၊ B.Com(A.A.)D.E.P;R.L
တရားရုံးချုပ်ရှေ့နေ(၂၈၅၉)အမှတ်(၁၉)၊ ၁၂၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း–၂၉၇၈၃၀

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏နိုင်ငံကူးလက်မှတ် အမှတ်(၅၆၅၃၇၉)မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါ။ **မောင်စိုး–ဖုန်း–၃၈၁၈၃၄။**

ဦးသိန်းဦး (၅၁)နှစ်
(ဒလ)

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ မြို့မ (၄)ရပ်ကွက်နေ ဦးသန်းအောင်(ခ) ဦးထိပ်နီ–ဒေါ်စန်းမြင့်တို့၏ သား၊ မောင်လင်းထင်၊ မချယ်ရီမအေးသီရိသူ၊ မအိမ့်သီရိသူတို့၏ဖခင်၊ ဒေါ်တင်တင်ထား (မဘေဘီ)၏ခင်ပွန်း ဦးသိန်းဦးသည် ၁၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၄–၈–၂၀၀၄ရက်မွန်းလွဲ၁နာရီတွင် အမှတ်(၆၇၁)၊ဦးအောင်ဇေယျ(၅)လမ်း၊ ဒလမြို့နေအိမ်မှ ခနိတောသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ဒါယကာကြီး
ဦးထွန်းရှိန်
အသက်(၇၉)နှစ်
I.W.T(အငြိမ်းစား)
(ဟင်္သာတ)

ဟင်္သာတမြို့နေ (ဦးဖိုးခင်–ဒေါ်မယ်တုတ်)တို့၏သား၊ ဒေါ်အေးစိန်၏မောင် (ဦးသိန်းရွှေ) –ဒေါ်ခင်သန်းတို့၏အစ်ကို၊ အမှတ်(၂၅၆) သီရိနန္ဒာ(၂၉)လမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နေ (ဒေါ်စိန်စိန်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအေးအောင်(ကြယ်ငါးပွင့်)–ဒေါ်မြမြသွင်၊ဦးလှဌေး(I.W.T)၊ဦးလှမြင့်(I.W.T)–ဒေါ်အေးအေးမြင့်(သစ်လုပ်ငန်း)၊ ဦးခင်မောင်(စက်မှု–၁) – ဒေါ်ဌေးဌေးမာ (ကျန်းမာရေး–အောင်ဆန်း)၊ ဦးအောင်ကျော်ဇော (ရေကြောင်းတက္ကသိုလ်)–ဒေါ်လှလှမိုး၊ ဦးမောင်မောင်ပြုံး–ဒေါ်မြင့်မြင့်အေးတို့၏ဖခင်၊ မြေး၁၁ယောက်တို့၏အဘိုးသည် ၁၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၈–၂၀၀၄ ရက်မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြကျင်
အသက်(၇၈)နှစ်
(ဒေးဒရဲ)

ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့၊ အမှတ်(၁၈)၊ ကမ်းနားလမ်းနေ (ဦးအမိုင်)၏ ဇနီး၊ ဦးအေးထွန်း–ဒေါ်ချော၊ ဦးကြည်ထွန်း(ခ)ကိုထိုက် – ဒေါ်အေးအေးကြူ၊ ဦးသိန်းထွန်း၊(ဦးစိန်ထွန်း)၊ဦးဟုတ်ဉာဏ်–ဒေါ်သန်းသန်းဝင်း(ခ)မပြုံး၊ ဦးကြည်သိန်း–ဒေါ်ဌေးဌေးရီတို့၏ မိခင်၊ မြေးခုနစ်ယောက်၊မြစ်တစ်ယောက်တို့၏အဘွားဒေါ်မြကျင်သည် ရန်ကုန်မြို့၊ (၁၁)လမ်း၊ အမှတ်(၇၄)၊ ပထမထပ်နေအိမ်၌ ၁၃–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်စန်းစန်းမြင့်(မော်လီ)
အသက်(၆၂)နှစ်
အလုပ်ရုံခွဲမှူး(ငြိမ်း)
အမှတ်(၁)၊ အင်းစိန်စောင်စက်ရုံ

ရန်ကုန်မြို့၊ အမှတ်(၃/၁)၊ (၁၄/၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးထွန်းမြအောင်–ဒေါ်နှင်းရီတို့၏ သမီးကြီး၊ (ဦးဟန်သိမ်း)၏ ဇနီး၊ ဦးကံလှဦး၊ ဒေါ်မူမူ၊ ဦးကျော်ဇော–ဒေါ်ခင်နွယ်ထွန်းတို့၏ အစ်မကြီး၊ မောင်ကျော်သူရဟန်၊ မောင်ဝင်းမင်းထွန်း(စည်ပင်ဦးစီး)–မမေမျိုးဟန်(စည်ပင်ဦးစီး)၊ မပြည့်ဖြိုးဟန် (ဆည်မြောင်းဦးစီး)တို့၏ မိခင်သည် ၁၂–၈–၂၀၀၄ရက်တွင်မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၄–၈–၂၀၀၄(စနေနေ့) မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (တောင်ဥက္ကလာပနေအိမ်မှ ကားများမွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စင်သီယာမြသင်း(ခ)
ဒေါ်ခင်သန်းညွန့် (မီးမီး)
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဦးမြသင်း–ဒေါ်မြသွင်တို့၏သမီး၊ မြိုင်ဟောဝန်အိမ်ရာနေ ဦးကျော်စိန်–(ဒေါ်ကျင်ဥ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ တိုက်(N-3/3)နေ ဦးလှအောင်(ကစလ–ငြိမ်း၊ ITC.၊ဝင်းမိတ္တူ)၏ ဇနီး၊ (ဦးစိုးမြင့်သင်း)၊ ဒေါ်ခင်စောမူ(လ–၂၊ ရန်ကင်း)တို့၏ ညီမ၊ မမေလင်းအောင်(ဒုနှစ်၊ သမိုင်း၊ဒဂုံတက္ကသိုလ်) မောင်ထွန်းလင်းအောင် (1-BTEC.)မကြည်လင်းအောင် (1-BTIT, သန်လျင် GTC)၊ မနွေးလင်းအောင်(IX-B,ထ–၂၊ဒဂုံ)တို့၏ မိခင်သည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁၃–၈–၂၀၀၄ (သောကြာနေ့) ညနေ ၃း၁၆ နာရီတွင် ကွယ်လွန်ပါ၍ ၁၅–၈–၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးထွန်း (၈၄)နှစ်
အခွန်ဦးစီးမှူး(ငြိမ်း)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ အမှတ်(၁၃၅)နေ (ဦးဖိုးသန့်–ဒေါ်ငွေစိန်)တို့၏ သား၊ (ဒေါ်မြကြည်)၏ခင်ပွန်း၊ (ဦးမောင်စိန်–ဒေါ်လုံး)တို့၏အစ်ကို၊ ဆရာပန်၊ ဦးဝင်းမြင့်(ခ)ဦးဖိုးထောင်၊ ဦးမောင်မောင်–ဒေါ်သန်းသန်းအေး(ခ)မတူး၊ ဦးမောင်မောင်ချိုတို့၏မွေးသဖခင်၊ မြေးခုနစ်ယောက်၊ မြစ်၁၁ယောက်တို့၏ အဘိုးသည် ၉–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁–၈–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်းဒါယကာ
ဦးအော်က(ခ)တန်ကုတ်ကျိန်း
အသက်(၇၈)နှစ်
(ဘောဂဗေဒ ဆီစက်နှင့် အထွေထွေရောင်းဝယ်ရေး)
(မကွေးမြို့)

မကွေးမြို့၊မြို့မရပ်၊ ဘုရားလမ်း၊အမှတ်(၂)နေ (ဦးစစ်ရပ်–ဒေါ်ကျင်မြိုင်)တို့၏သား၊ (ဒေါ်ကြည်)၏ခင်ပွန်း၊ ဦးထွန်းအောင်လင်း(ထွန်းပြည့်စုံ အထွေထွေရောင်းဝယ်ရေး)–ဒေါ်ဖွေးဖွေး(ပါမောက္ခ–ဓာတုဗေဒဌာန၊ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးမြင့်သိန်း–ဒေါ်ယဉ်ယဉ်(သိန်း–ကုန်မျိုးစုံရောင်းဝယ်ရေး)၊ ဒေါ်ဘေဘီ(ခ) ဒေါ်မိမိ(မိ–အလှပြင်)၊ ဒေါက်တာတင်တင်လှ(မျက်စိအထူးကုဆရာဝန်၊တောင်ငူပြည်သူ့ဆေးရုံ)၊ ဒေါက်တာဦးစိုးလင်း –ဒေါ်သင်းသင်း(ဖြူးမြို့)၊ ဦးမောင်မောင်သွင်–ဒေါ်ယဉ်ယဉ်ဆွေ(ဘောဂဗေဒဆီစက်နှင့် အထွေထွေရောင်းဝယ်ရေး)၊ ဒေါ်မိုးမိုး(မိ–အလှပြင်)၊ ဦးညီညီလွင်–ဒေါ်ခင်အေးမွန်(ဘောဂဗေဒဆီစက်နှင့် အထွေထွေရောင်းဝယ်ရေး)၊ဦးဝင့်သူ–ဒေါ်ခိုင်ခိုင်ဝင်း(ဘောဂဗေဒဆီစက်နှင့် အထွေထွေရောင်းဝယ်ရေး)၊ မကြည်ဇင်ထွန်းတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည်၁၂–၈–၂၀၀၄ရက်တွင်အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၃–၈–၂၀၀၄ ရက် ညနေ ၃နာရီတွင် မကွေးမြို့သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးစောလှိုင်
အသက်(၇၂)နှစ်
လ/ထညွှန်မှူး(ငြိမ်း)
(အစိုးရအဖွဲ့ရုံး)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၃၄)နေ (ဦးအိဗျန်–ဒေါ်လှခင်)တို့၏သား၊ ဒေါ်စိန်ရီ၏ခင်ပွန်း၊ ဦးသက်မိုး(မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်)–ဒေါ်ခင်အုံးဝေ(ဆသရ)၊ ဒေါ်ခင်ခင်ဌေး–ဦးဇော်ဝင်းသန်း၊ ဦးတိုးလှိုင်၊ ဒေါ်ခင်ခင်လေး(လဝက)–ဦးခင်မောင်ဌေးတို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်၏အဘိုး၊ ဦးမောင်အေး–ဒေါ်ခင်မိတို့၏ အစ်ကို ဦးစောလှိုင်သည် ၁၃–၈–၂၀၀၄(သောကြာနေ့)မွန်းလွဲ၁း၅၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅–၈–၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၁း၄၅နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

(၇–၈–၂၀၀၄) ရက်တွင် ကွယ်လွန်သွားခဲ့သော မိခင်ကြီး ဒေါ်ရင်မြင့် (စံရိပ်ငြိမ်ဆောင်၊ပုသိမ်မြို့)၏ ဈာပနကိစ္စအဝဝတွင် အစစအရာရာ ကူညီပံ့ပိုးအားပေးခဲ့ကြသောဆွေမျိုးများ၊ မိတ်သင်္ဂဟများနှင့် ရပ်ဝေးရပ်နီးမှ အားပေးနှစ်သိမ့်ကြသူများ၊ လိုက်ပါပို့ဆောင်ကြသူများနှင့် စာ၊ ကြေးနန်း၊ ဖက်(စ်) တယ်လီဖုန်းများဖြင့် အားပေးပြောကြားသူများအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

(၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
နိုင်လေးချို(ခ)မှုတူး(ဒလ)
၁၄–၈–၉၉
C/O. M.V. Bayuk ANA
Turkol Maritime Co., (Turkey)

သားကွယ်လွန်ခဲ့သည်မှာ ငါးနှစ်ပြည့်ပြီဖြစ်သော်လည်း တစ်နေ့မှမေ့မရပါ၊ ဘုရား၊သိမ်၊ကျောင်းတို့အား လှူဒါန်းခြင်းနှင့် မိဘကျေးဇူးသိတတ်သောသားအတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်များပြုလုပ်ပေးပါတယ်၊ ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါကြောင်းအမျှပေးဝေလိုက်ပါတယ်။ **အဖေ–ဦးဖေမြင့်(ဒလ)။**

ဦးပိုက်
အသက်(၆၇)နှစ်
စာရင်းစစ်မှူး(ငြိမ်း)

တွံတေးမြို့၊ ဦးဖိုးမြိုင်–ဒေါ်မြစိန်တို့၏သား၊ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားရပ်ကွက်၊ အမက(၅)ကျောင်းဝင်းနေ ဒေါ်အုန်းကြည်၏ခင်ပွန်း၊ ကိုသန်းဦး၊ ကိုမင်းလွင်၊ကိုအောင်အောင်ထွေး၊ ကိုအောင်မြင့်ထွန်း၊ ကိုရဲဂေါင်ညွန့်တို့၏ ဖခင်သည် ၁၃–၈–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၅–၈–၂၀၀၄ (တနင်္ဂနွေနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းတည့်၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မဝါဝါဝင်း (၃၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၁၅၂)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေးနေ (ဦးသိန်းကြည်)–ဒေါ်အေးဝင်းတို့၏ သမီးကြီး၊ (ဦးမျိုးမြင့်)–ဒေါ်စန်းကြည်တို့၏ သမီးချွေးမ၊ ကိုထွန်းထွန်းကျော်၏ ဇနီး၊ (ကိုအောင်ဆန်းဦး)–မမာမာဝင်း၊ (ကိုကိုဦး)–မဥမ္မာစိုးတို့၏ညီမ၊ မကြည်ကြည်ဝင်း–ကိုမျိုးလှိုင်တို့၏အစ်မ၊ မဆုမြတ်နိုးရတနာ(အထက–၃၊မတည)၏ မိခင်သည် ၁၂–၈–၂၀၀၄ရက်တွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၄(စနေနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်သန်းရင်
အသက်(၈၂)နှစ်
(ရာသက်ပန်အသင်းဝင်)

မော်လမြိုင်ကျွန်းမြို့နေ (ဦးမောင်ဆိုင်–ဒေါ်အုံးသင်)တို့၏သမီး၊ နာယက ဦးလှဖေ–ဒေါ်ပိုက်ပိုက်၊ ရန်ကုန်မြို့၊ အမှတ်(၂၁)၊ (၁၅၁)လမ်း၊ တာမွေမြို့နယ်၏ အစ်မကြီး ဒေါ်သန်းရင်သည် ၁၁–၈–၂၀၀၄ရက်တွင်ကွယ်လွန်၍ ၁၂–၈–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်းအသင်းသားများအား အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

ဒေါက်တာအောင်ချို
(B.V.S)
အသက်(၄၃)နှစ်
ဒု–ဦးစီးမှူး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မြင်းခြံမြို့နေ ဦးဖေရှိန်–ဒေါ်နွဲ့ရီတို့၏ သားကြီး၊ ဦးအောင်လှ–(ဒေါ်သန်းရီ) တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မွေး/ကုဦးစီးရုံးချုပ်ဝင်းနေ ဒေါ်တင်အေးဝင်း(အမက–၅၊ အင်းစိန်)၏ခင်ပွန်း၊ မောင်ဟိန်းထက်(ဆင့်မတန်း၊ အထက–၂၊အင်းစိန်)၊ နန်းအိအိလှိုင်တို့၏ ဖခင်၊ ဦးအောင်ကို–ဒေါ်သန်းသန်းလွင်၊ ဒေါ်နီနီရှိန်၊ ဦးငြိမ်းဖေ–ဒေါ်စန်းထွေး၊ ဦးမောင်မောင်ဝင်း–ဒေါ်သီသီရှိန်၊ ဗိုလ်ကြီးညီညီရှိန်–ဒေါ်နီလာထွန်းတို့၏အစ်ကိုကြီးသည် ၁၃–၈–၂၀၀၄(သောကြာနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မွေး/ကုဦးစီးဝင်းနေအိမ်မှကားများ မွန်းလွဲ ၂နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရွှေကျင်ဂိုဏ်းကြီး၏ ရတ္တညူမဟာနာယက
သက်တော်ရှည်ဘဒ္ဒန္တ ကေသရ
သိက္ခာတော်(၇၉)ဝါ၊ သက်တော်(၉၉)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ရွှေဥမင်ဘုရားကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရွှေဥမင်တောရစာသင်တိုက်နှင့် ဗဟန်းမြို့နယ် ဂွတ္တလစ်ရပ်ကွက်၊ ဓေယျသုခစာသင်တိုက်တို့၏ ပဓာနမဟာနာယက၊ ရွှေကျင်ဂိုဏ်းကြီး၏ ရတ္တညူမဟာနာယက၊ ရန်ကုန်တိုင်း ဝိနည်းပြန်ဌာန၏ မဟာနာယက၊ရန်ကုန်တိုင်း၊မြောက်ဥက္ကလာပမြို့နယ်ဩဝါဒါစရိယသက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တ ကေသရသည် (၁၃၆၆ခု၊ ဒုတိယ ဝါဆိုလပြည့်ကျော်၈ရက်)၊ ၈–၈–၂၀၀၄(တနင်္ဂနွေနေ့)နံနက်၁နာရီတွင်ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့်၁၄–၈–၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်ပြီး အန္တိမအဂ္ဂိ ဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးအဖွဲ့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
တိုင်းနှင့်မြို့နယ်ဝိနည်းဓိုရ်၊ ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ ဆရာတော်
တရားဟောဓမ္မကထိက
ဘဒ္ဒန္တ ကောဝိဒ
သိက္ခာတော်(၃၇)ဝါ၊ သက်တော်(၅၇)နှစ်

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ ရွှေဗဟိုရ်စည်ဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် တိုင်းနှင့်မြို့နယ်ဝိနည်းဓိုရ်၊ ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ၊ တရားဟောဓမ္မကထိက ဆရာတော်ဘဒ္ဒန္တ ကောဝိဒမထေရ်မြတ်သည် ၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၇ရက်၊ ၇–၈–၂၀၀၄(စနေနေ့) ည၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၃၆၆ခုနှစ်၊ ဝါခေါင်လဆန်း ၆ရက်၊ ၂၀–၈–၂၀၀၄(သောကြာနေ့)တွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမ ဓမ္မမိတ်ဆွေအပေါင်းအား အကြောင်းကြားပါသည်။

ဈာပနကော်မတီ။

ဦးပိုင်
အသက်(၇၂)နှစ်
စာရင်းကိုင်(စည်ပင်)(အငြိမ်းစား)
(ရန်ကုန်)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၅၁လမ်း၊အမှတ်(၈၇)၊ မြေညီထပ်နေ (ဦးဘာဘာ–ဒေါ်လှဦး)တို့၏သား၊ (ဦးစုစိန်)–ဒေါ်မမဌေး၊ ဦးအောင်လှိုင်–ဒေါ်လှရီတို့၏ညီ/မောင်၊ (ဦးကြိုင်)–ဒေါ်ရှုရန်၊ (ဒေါ်ရှုလွမ်)တို့၏မောင်၊ (ဒေါ်ပု)၊ ဒေါ်ကြူတို့၏အစ်ကို၊ တူ၊တူမ၁၂ယောက်၏ဦးလေး၊ မြေးရှစ်ယောက်၏အဘိုးလေးဦးပိုင်သည် ၁၃–၈–၂၀၀၄(သောကြာနေ့) နံနက်၁၁း၄၅နာရီတွင် လသာမြို့နယ်၊ ၅ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၃၈၈)၌ ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ်–၃၈၈၊ကမ်းနားလမ်း၊၅ရပ်ကွက်၊ လသာမြို့နယ်နေအိမ်မှကားများနံနက် ၉ နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ သိမ်၊ တန်ဆောင်း အမ
ဒေါ်အေးကြည်
အသက်(၈၇)နှစ်
(မြန်အောင်)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၄၅)နေ (ဦးဘသွင်–ဒေါ်ရီ)တို့၏ သမီး၊ (ဦးကိုကိုကြီး–ဒေါ်ခင်စု)တို့၏ ညီမ၊ (ဦးလှ)၏ ချစ်လှစွာသောဇနီး၊ (ဦးမောင်မောင်စိုး)–ဒေါ်အေး အေးသန်း၊ ဦးကျော်ဇင်(စစစ–ငြိမ်း)–ဒေါ်ချိုချိုမြင့် (ပို့ဆောင်ရေးဝန်ကြီးရုံး)၊ ဦးဝင်းထွန်း(မြို့နယ်အခွန်ဦးစီး၊ ဗဟန်းမြို့နယ်)၊ ဦးတင့်လွင်–ဒေါ်မာလာတို့၏ ချစ်လှစွာသောအဒေါ်၊ မြေး ၁၁ ယောက်၊ မြစ်မောင်စွမ်းထက်ဝေလွင် (KG-N, TTC)တို့၏ ချစ်လှစွာသောအဘွားသည်၁၀–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂–၈–၂၀၀၄ ရက်တွင် ရေဝေးသုသာန်၌သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူ တူ၊တူမများ။

ဦးစိုးဝင်း
အသက်(၆၆)နှစ်
မြို့နယ်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီ

ပျဉ်းမနားမြို့၊ ပေါင်းလောင်းရပ်၊ (၁၀)လမ်းနေ ဒေါ်ခင်ခင်အေး၏ ခင်ပွန်း၊ မသူဇာဝင်း၊ ကိုသူရ–မခင်ခင်နွယ်၊ ကိုညီညီနိုင်၊ ကိုစိုးနိုင်–မစန္ဒာဝင်း၊ မကေသီဝင်းတို့၏ဖခင်၊ မောင်ကျော်စွာပြည့်–မသင်းသင်းဆွေ၊ မောင်သော်တာရှိန်၊မောင်ဝေယံဖြိုးဟိန်း၊မောင်အာကာဖြိုးဟိန်း၊ မောင်သူရိန်ထွန်းတို့၏အဘိုးသည်၁၇–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၉–၇–၂၀၀၄ (တနင်္လာနေ့)တွင် ပျဉ်းမနားမြို့၌ ဂူသွင်းသဂြိုဟ်ပြီးစီးကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးထွန်းအောင်(ခ)
လင်ကျင်ဖတ်
အသက်(၇၃)နှစ်
ရွှေလဝင်းကဖီး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၁၈၃)နေ(ဦးစုကြာ–ကြောင်ဟောမွေ)တို့၏ သား၊ ဒေါ်တင်လှ(ခ)ဟောင်ရှုမွမ်၏ခင်ပွန်း၊ ကိုတင်ထွန်း–မစန်းစန်းဝေ၊ မမြကျင်၊ မောင်ငွေထွန်း၊ မောင်လူအေး–မသီသီခိုင်၊ ကိုဝင်းသိန်း–မမြင့်မြင့်စန်း၊ မရွှေတင်၊ မယဉ်ယဉ်ဌေး၊ မဌေးဌေးဝင်းတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၆–၈–၂၀၀၄(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မစုစုရှိန်
အသက်(၃၃)နှစ်
(မြို့နယ်စာရင်းရုံး၊ ဝါးခယ်မမြို့)

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့၊ အမှတ်(၄၄)၊ ဘုရားကြီးလမ်း၊ ဈေးရပ်ကွက်နေ ဦးတင်ရှိန်(ပညာရေး–ငြိမ်း)–ဒေါ်ဌေးရင် (ပညာရေး–ငြိမ်း)တို့၏ သမီးထွေး၊ မဝင်းဝင်းကြည်၊ မချိုချိုရှိန်တို့၏ ညီမသည် ၁၂–၈–၂၀၀၄ရက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ ကောင်းမွန်စွာ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်းများ ပြီးစီးမှုစစ်ဆေး ရွှေရင်အေးစပါး စမ်းသပ်စိုက်ခင်းကြည့်ရှု

ရန်ကုန် ဩဂုတ် ၁၃

လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၁ရက် နံနက်ပိုင်းတွင် ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာ၌ တည်ဆောက်လျက်ရှိသည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းသို့ ရောက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်တင်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှ၊ တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးကျော်သောင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား စက်ရုံ အစည်းအဝေးခန်းမ၌ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးကျော်သောင်းက စက်ရုံတည်ဆောက်နေမှုအခြေအနေ၊ စီမံကိန်းလုပ်ငန်း ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ၊ စက်ရုံဝန်ထမ်းအင်အားနှင့် စီမံကိန်းဆိုင်ရာ အတတ်ပညာရှင်များ အင်အားအခြေအနေ၊ စက်ရုံတွင် တပ်ဆင်မည့် စက်ပစ္စည်းများရောက်ရှိမှု၊ ၂၀၀၄ခုနှစ် မကုန်မီ စက်ရုံမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ထုတ်လုပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြ သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ဟိုပုံးမြို့နယ်အတွင်း၌ စမ်းသပ်စိုက်ပျိုးလျက်ရှိသည့် ရွှေရင်အေးစပါး စမ်းသပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆောင်းပါးအညွှန်း

စာရေးသူတို့ မြန်မာနိုင်ငံဟာ ဘာသာရေး ထိန်းကျောင်းမှုအောက်မှာ ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ကြပါတယ်။ နှလုံးသားကို ပညာသင်ကြားခြင်းဆိုတာ မြန်မာနိုင်ငံမှာ ဘယ်နေရာမဆို တွေ့မြင်နိုင်ပါတယ်။ ဒါတွေကို မိဘဆရာတွေ၊ လူကြီးသူမတွေက နေ့စဉ် သင်ကြားပေးနေတာပဲ ဖြစ်ပါတယ်။ ပြည်သူ့နီတိ၊ ၃၈ ဖြာမင်္ဂလာတရားတော်၊ ဇာတ်နိပါတ်တော်တွေဟာ နှလုံးသားကို ပညာသင်ပေးနေတာတွေ ဖြစ်ပါတယ်။ အယူအဆတွေ ကွဲပြားနေပေမယ့် နှလုံးသားကို ပညာသင်ကြားပေးခြင်းကတော့ အတူတူပဲ ဖြစ်ပါတယ်။

ခွန်ညီစံ၏ **နှလုံးသားကို ပညာသင်ကြားခြင်း**

စာ–၆

အမျိုးသားညီလာခံ ကျင်းပသည့် ညောင်နှစ်ပင်စခန်း လုံခြုံရေး၊ အဆောက်အအုံများ ပြင်ဆင်ဆောက်လုပ်ရေး သစ်ပင်ပန်းမန်များစိုက်ပျိုးရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၁၃

အမျိုးသားညီလာခံကျင်းပသည့် ညောင်နှစ်ပင်စခန်း လုံခြုံရေး၊ ပစ္စည်းများထိန်းသိမ်းရေး၊ အဆောက်အအုံများ မွမ်းမံပြင်ဆင်ရေး၊ လိုအပ်သော အဆောက်အအုံအသစ်များအတွက် ပုံစံ၊ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ရေးနှင့် သစ်ပင်ပန်းမန်များ ထိန်းသိမ်းစိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ဆွေးနွေးပြီး အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် ဒုတိယဥက္ကဋ္ဌ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန **စာမျက်နှာ ၉ ကော်လံ ၃ သို့ ▲**

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံ ကျင်းပသည့် ညောင်နှစ်ပင်စခန်း လုံခြုံရေး၊ ပစ္စည်းများ ထိန်းသိမ်းရေး၊ အဆောက်အအုံများ မွမ်းမံပြင်ဆင်ရေး၊ လိုအပ်သော အဆောက်အအုံအသစ်များ အတွက် ပုံစံ၊ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ရေးနှင့် သစ်ပင်ပန်းမန်များ ထိန်းသိမ်းစိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ချစ်ကြည်ရေးပွဲကစားရန် ကနေဒါမှအေအိုင်အေ ဘော်လီဘောအသင်းရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာ–ကနေဒါ နှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်အရ မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် လက်ရွေးစင်အသင်းများနှင့် လက်ရည်စမ်းပွဲများ ကစားရန်အတွက် ကနေဒါနိုင်ငံမှ အေအိုင်အေ အမျိုးသား ဘော်လီဘောအသင်းသည် ယနေ့ည ၆နာရီခွဲက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ အတွင်းရေးမှူး ဦးစိုးသိမ်း၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းများ၏ အဖွဲ့ခေါင်းဆောင် ဦးစိန်သောင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အေအိုင်အေ ဘော်လီဘောအသင်းတွင် အဖွဲ့ခေါင်းဆောင် Mr. Dave Johns က ဦးဆောင်ပြီး နည်းပြချုပ် တစ်ဦး၊ လက်ထောက်နည်းပြတစ်ဦး၊အကြောဘက်ဆိုင်ရာ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း

ရန်ကုန် ဩဂုတ် ၁၃

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိ အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက် အမှာစကား ပြောကြား သည်။

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်း **စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ⇨**